# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉)၊ အမှတ်(၁၅၉)၊ ၁၃၈၈ ခုနှစ်၊ နယုန်လဆန်း ၁ ရက်၊ ၁၆–၅–၂၀၂၆၊ စနေနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားစဉ်။

# နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြား

## အနာဂတ်နိုင်ငံတော်ကို ဦးဆောင်ကြမည့် အသိပညာ၊ အတတ်ပညာနှင့်ပြည့်စုံသည့် မျိုးဆက်သစ်များကို ဆက်လက်အားပေးမွေးထုတ်ပေးသွားကြရမည်

နေပြည်တော် မေ ၁၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းရှင်များနှင့် ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးမြို့ မြို့တော်ခန်းမ၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဦးမြထွန်းဦး၊ ဦးတင်ဦးလွင်၊ ဦးမင်းနောင်၊ ဦးမျိုးဇော်သိမ်း၊ ဦးဆန်းဦးနှင့် ဦးမျိုးသန့်၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တရားသူကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ သို့ ★

## အားကောင်းသောလေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိနေ

နေပြည်တော် မေ ၁၅

ယနေ့ မွန်းလွဲ ၃ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက် အလယ်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော အားကောင်းသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။

မိုး/ဇလ




**ယနေ့ ဖတ်စရာအညွှန်း**


ဂျပန်ဝန်ကြီးချုပ် တာကိုင်ချီဆာနေး တောင်ကိုရီးယားနိုင်ငံသို့ သွားရောက်မည်
စာမျက်နှာ ၈

ရေအားမှ လျှပ်စစ်စွမ်းအင်သို့ ပြောင်းလဲခြင်း(၂) (ဆောင်းပါး)
စာမျက်နှာ ၁၀

နည်းပြ အန်ဆယ်လော့တီ ဘရာဇီးအသင်းနှင့် ၂၀၃၀ ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆို
စာမျက်နှာ ၁၁

၂၀၂၆ ခုနှစ် ၊ မေ ၁၆ ရက် ၊ စနေနေ့။

မန္တလေး

# မိုးဝသန်အစ စိမ်းစိုအေးမြ နယုန်လ

ဥတုရာသီ စက်ဝန်းသည် ဖန်ခါခါ သံသရာလည်လျက်ရှိသည်။ "နယုန်မိုးသေး မြက်သားမွေး" ဆိုသည့်အတိုင်း မိုးသေးမိုးဖွဲများ မစဲဘဲ ရွာနေမြဲဖြစ်သည်။ နယုန်လသည် မြန်မာဆယ့်နှစ်လတွင် တတိယမြောက်လလည်းဖြစ်သည်။ နယုန်လကို ပုဂံခေတ်ကျောက်စာတွင် "နယုန" ဟုရေးသားကြသည်ကို တွေ့ရသည်။ "နယုန်"တွင် "န"၏ အဓိပ္ပာယ်မှာ "အချိန်ခါကာလ"ဖြစ်သည်။ "ယုန်"၏ အဓိပ္ပာယ်မှာ စီးကျခြင်း၊ ရွာကျခြင်း၊ ယိုကျခြင်းဖြစ်သည်။

နယုန်လတွင် စံပယ်ဖွေးဖွေး သင်းပျံ့မွှေး၏။ မိုးကောင်းကင်ဘုံ တိမ်ရောင်စုံ၏။ မုတ်သုံလေစ မိုးဦးကျ၏။ မြက်နုပင်ပျို စိမ်းစိမ်းစို၏။ နယုန်လသည် မိုးဦးကျစ ကာလဖြစ်ပြီး ကောင်းကင်တစ်ခွင်တွင် တိမ်ညို၊ တိမ်ပြာအစရှိသည့် တိမ်မျိုးစုံတို့ ဖုံးလွှမ်းလျက်ရှိသည်။ ပုလဲဖြူလွ မိုးစက်များကျလာကာ သစ်ပင်များတွင် ရွက်စိမ်းဝတ်ရုံခြုံနေသည်။ ပန်းမန်များ ဝါပြာဖြူနီ ဖူးပွင့်စည်လျက် နယုန်လ၏ သဘာဝဝန်းကျင်မှာ လန်းဆန်းအေးမြနေသည်။ နယုန်မိုးသေး ရွာသွန်းပေးလိုက်သဖြင့် စံပယ်ဖြူဖြူဖွေးတို့သည် ကြူကြူမွှေးကာ ပွင့်လန်းလာကြသည်။

နယုန်လတွင် "ရွှေစာတော် ပြန်မေးလို့" ဟုဆိုသည့်အတိုင်း ရှေးအခါက စာတော်ပြန်ပွဲကို ကျင်းပကြသည်။ "ဆန်းကြယ်အရောင်၊ တောက်ပြောင်ဝင်းဝါ၊ သုဓမ္မာဝယ်၊ သံဃာတော်များ။ ပေါကြွားမိန်မြွက်၊ မေးဖြေလျက်တည့်"ဟု စာဆိုဦးယာက စာတော်ပြန်ပွဲကို စာပန်းချီခြယ်ခဲ့သည်။ စာတော်ပြန်ပွဲဆိုသည်မှာ တိုင်းပြည်အတွက် အားထားရမည့် ပညာရှင်များ ပေါ်ထွန်းလာရေးအတွက် စာမေးပွဲစစ်မေးခြင်းလည်းဖြစ်သည်။ စာတော်ပြန်ပွဲကို ညောင်ရမ်းခေတ် သာလွန်မင်းတရားကြီးလက်ထက်တွင် စတင်ကျင်းပခဲ့သည်။

နယုန်လတွင် ဘုရားရှင်လက်ထက်တော်အခါကပင် လယ်ယာလုပ်ငန်းခွင်၌ စတင်ထွန်ယက်ခြင်းပြုခဲ့သည်။ ဘုရားလောင်း သိဒ္ဓတ္ထမင်းသားကိုမွေးဖွားပြီး တစ်လမြောက်သောအခါ ခမည်းတော်မင်းတရားကြီး၏ လယ်ထွန်မင်္ဂလာပြုတော်မူကြောင်း ဇိနတ္ထပကာသနီကျမ်း၌ဖော်ပြထားသည်။ မင်းတုန်းမင်းလက်ထက်၌လည်း လယ်ထွန်မင်္ဂလာပွဲ ဆင်နွှဲခဲ့ပုံကို "ဆဒ္ဒန်ရှင်ရွှေထွန်နှင်တယ်၊ ကျွန်းခွင်ကအေး"ဟု ဦးစီက ဗုံကြီးသံဖွဲ့ဆိုခဲ့ပြန်သည်။ နယုန်လသည် မြန်မာ့လယ်ယာလုပ်ငန်းခွင် နိုးထစကာလဖြစ်သည်။ နယုန်လသည် တိုင်းပြည်ဝမ်းစာအတွက် အားရစရာပင်ဖြစ်သည်။

နယုန်လသည် စာသင်ခန်းတံခါးများကို ပွင့်စေသည်။ ခေါင်းလောင်းသံ ချိုမြစေသည်။ နွေရာသီပိတ်ထားသည့် ကျောင်းများ မိုးနှင့်အတူ ဖွင့်လေပြီ။ မိုးသံလေသံကြားမှာ စာအံသံ ချိုချိုများ လွင့်ပျံ့လာသည်။ မင်္ဂလာရှိလှသည်။ အဖြူအစိမ်းဝတ်ကျောင်းသားကျောင်းသူများ၏ အသွင်သဏ္ဌာန်မှာ သစ်ပင်ပန်းမန်များကဲ့သို့ လန်းဆန်းနေသည်။ ထို့အပြင် မြစ်၊ ချောင်းတို့တွင်လည်း "တန်ခူးရေကုန် ကဆုန်ရေခန်း"ဆိုသကဲ့သို့ ရေတို့ခန်းခြောက်နေသည်။ နယုန်လ၌လည်း မြစ်ရေတို့ ပေါင်းလန်အောင် ပြည့်လျှံခြင်းမရှိသေးပေ။ မြစ်ရေအလျဉ်သည် တသွင်သွင်ဖြင့် ညင်သာစွာစီးဆင်းနေမြဲဖြစ်သည်။ မိုးကြိုကာလ မြစ်ရေပြင်ကား ကျယ်ပြန့်ခြင်း မရှိသေးပေ။ ကမ်းနှစ်ဖက် တောင်ပြင်တို့ပေါ်၌ စိုက်ခင်းစိမ်းစိမ်းတို့ကို တွေ့မြင်နေသည်။ မြစ်အတွင်းတွင် လှေ၊ သမ္ဗန်နှင့် သင်္ဘောတို့ စုန်ဆန်ကာ လှော်ခတ်ခုတ်မောင်းလျက်ရှိသည်။ တံငါသည်တို့ ငါးရှာနေကြသည်။ မိုးဝသန်အစ နယုန်လ၏ ပတ်ဝန်းကျင်သည် အဟောင်းထဲမှ အသစ်ကိုမြင်နေရသော ကာလဖြစ်သည်။ သို့ဖြစ်ရာ မိုးဝသန်အစ စိမ်းစိုအေးမြ နယုန်လကား မြန်မာတို့၏ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်စေရန် လုပ်အားအစ၊ နိုင်ငံအလှကို ဖော်ကျူးနေသော လုပ်ငန်းခွင်မာန်ဟုန် လနယုန်ဟု တင်စားရေးသားလိုက်ရပေသည်။

## မန္တလေးတိုင်းဒေသကြီးအတွင်း ၂၀၂၆ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေကျပ် ၈၂ ဒသမ ၃၇ ဘီလျံ လျာထားထုတ်ချေးမည်

**မန္တလေး မေ ၁၅**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ တောင်သူလယ်သမားများ စိုက်ပျိုးစရိတ် အဆင်ပြေချောမွေ့စေရန်အတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(မန္တလေးတိုင်းဘဏ်ခွဲ)အနေဖြင့် ၂၀၂၆ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေ စုစုပေါင်း ငွေကျပ် ၈၂ ဒသမ ၃၇ ဘီလျံ လျာထားကာ ထုတ်ချေးပေးသွားရန် ဆောင်ရွက်လျက်ရှိကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(မန္တလေးတိုင်းဘဏ်ခွဲ) တိုင်းမန်နေဂျာ ဦးသက်ဦးထံမှ သိရသည်။

အဆိုပါ မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေထုတ်ချေးခြင်း လုပ်ငန်းကို အပိုင်းနှစ်ပိုင်းခွဲ၍ ဆောင်ရွက်သွားမည်ဖြစ်ပြီး အစိုးရမှ သတ်မှတ်ထားသော ရက်(၁၀၀) စီမံချက်အတွင်း ပထမအဆင့်အနေဖြင့် မေ ၁၂ ရက်မှ စတင်ကာ ဇူလိုင်လကုန်အထိ အရှိန်အဟုန်ဖြင့် ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်းနှင့် ပုံမှန်ထုတ်ချေးပေးမှုများအနေဖြင့် စက်တင်ဘာလကုန်အထိ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ယခုနှစ်တွင် တောင်သူများအတွက် ချေးငွေနှုန်းထားများကို ယခင်နှစ်များထက် နှစ်ဆနီးပါး တိုးမြှင့်သတ်မှတ်ပေးခဲ့ရာ စပါး၊ ဂျုံ၊ ချည်မျှင်ရှည်ဝါနှင့် အစေ့ထုတ်ပြောင်းသီးနှံများအတွက် တစ်ဧကလျှင် သုံးသိန်းကျပ်၊ အခြားသီးနှံ ၁၈ မျိုးအတွက် တစ်ဧကလျှင် ၂ သိန်းခွဲကျပ်နှင့် ဆီမုန်ညင်း၊ ဂုန်လျှော်၊ ပန်းနှမ်းသီးနှံများအတွက် တစ်ဧကလျှင် တစ်သိန်းခွဲကျပ်နှုန်းဖြင့် တိုးမြှင့်ထုတ်ချေးပေးသွားမည်ဖြစ်ပြီး ယခင်က စပါး တစ်ဧကလျှင် ၁ သိန်း ၅ သောင်းကျပ်နှင့် အခြားသီးနှံများအတွက် တစ်သိန်းကျပ်သာ ထုတ်ချေးပေးခဲ့ခြင်းဖြစ်သည်။

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲများမှတစ်ဆင့် ခရိုင် ၆ ခရိုင်အတွင်းရှိ မြို့နယ်ဘဏ်ခွဲများမှ အဆိုပါ စိုက်ပျိုးစရိတ်ချေးငွေများကို တိုးမြှင့်ထုတ်ချေးပေးသွားမည်ဖြစ်ပြီး တောင်သူများအနေဖြင့် မိမိတို့စိုက်ပျိုးမည့် သီးနှံအမျိုးအစားအလိုက် ချေးငွေများကို သတ်မှတ်ချက်များနှင့်အညီ ထုတ်ယူနိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိသည်။

အစိုးရ၏ ရက်(၁၀၀)စီမံချက်အရ တိုင်းဒေသကြီးအတွင်းရှိ ဘဏ်ခွဲ ၁၆ ဘဏ်တို့မှ ၂၀၂၆ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို တိုးမြှင့်ထုတ်ချေးပေးခြင်းဖြင့် တောင်သူများအတွက် ယခင်ထက် နှစ်ဆနီးပါး ချေးငွေပိုမိုရရှိစေမည်ဖြစ်ပြီး စိုက်ပျိုးရေးလုပ်ငန်းများ အချိန်မီဆောင်ရွက်နိုင်ရန် အထောက်အကူပြုသွားမည်ဖြစ်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၈)**

၀-၀-၀-၀-၀

၀-၀-၀-၀

**သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper @gmail.com** မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်းသိရသည်။

**(မန္တလေးနေ့စဉ်)**

## ဝင်ငွေတိုးစီမံကိန်း စက်ချုပ်နည်းပညာသင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ

**သရက် မေ ၁၅**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ဒေသတွင်း အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးနိုင်ရေးနှင့် ကျေးလက်နေ မိသားစုဝင်ငွေတိုးရေး စီမံကိန်းလုပ်ငန်းများ ရက်(၁၀၀)အတွင်း ကိုယ်ပိုင်လုပ်ငန်းများ ထူထောင်နိုင်ရန်ဝင်ငွေတိုးစီမံကိန်းလုပ်ငန်းများကို သရက်မြို့၌ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အမျိုးသမီးများအတွက် ဝင်ငွေတိုးတက်ရေးဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်း စက်ချုပ်နည်းပညာသင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနရုံးတွင် ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အဖွဲ့ဝင် ဦးသောင်းထိုက်က အဖွင့်အမှာစကားပြောကြားရာ၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည့် စီမံကိန်း လေးခုအနက် တစ်ခုဖြစ်တဲ့ စက်ချုပ်နည်းပညာသင်တန်းကို အခြေခံတစ်ကြိမ်၊ မွမ်းမံတစ်ကြိမ် ဖွင့်လှစ်ပြီး နည်းပညာလွှဲပြောင်းခြင်း လုပ်ငန်းများဆောင်ရွက်မှာဖြစ်ကြောင်း သင်တန်းသူ ၁၅ ဦးအနက် အမှန်တကယ်လုပ်ငန်းထူထောင်ရန်ဆန္ဒရှိသော ထူးချွန်သင်တန်းသူ ၅ ဦးကို စံသတ်မှတ်ချက်နှင့်ရွေးချယ်ပြီး လုပ်ငန်းထူထောင်နိုင်ရန် လိုအပ်တဲ့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံး ပစ္စည်းများ သုံးစွဲခွင့်ပြုမှာဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်လှဲ့လှဲ့ဝင်းနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာညိုဝင်းတို့က သင်တန်းသူများအား သင်တန်းတွင် အသုံးပြုမည့် ကုန်ကြမ်းပစ္စည်းများကို ပေးအပ်ခဲ့ပြီး အဆိုပါသင်တန်းကို တစ်လခွဲ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဇော်ထက်(သရက်)**

## မန္တလေးငလျင်ကြီးကြောင့် ပျက်စီးခဲ့သော သဏ္ဌိသုခဗိမာန်တော် မျက်နှာကြက်ပြုပြင်ရန် မတည်ငွေကျပ် သိန်း ၅၀ လှူဒါန်း

**မန္တလေး မေ ၁၅**

မန္တလေးငလျင်ကြီးကြောင့် ပျက်စီးခဲ့သော သဏ္ဌိသုခဗိမာန်တော် မျက်နှာကြက်ပြုပြင်ရန် မတည်ငွေကျပ်သိန်း ၅၀ ကို မေ ၁၄ ရက် နံနက်ပိုင်းက ရဲမွန်တောင်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတွင် ပေးအပ်လှူဒါန်းခဲ့သည်။




မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ ၅၉လမ်း၊ ၃၉ လမ်းနှင့် လမ်း၄၀ကြား၊ ဣန္ဒာသယဘုန်းကြီးကျောင်းအတွင်းရှိ သဏ္ဌိသုခဗိမာန်တော် မျက်နှာကြက်ပြုပြင်ရန် မတည်ငွေ ကျပ်သိန်း ၅၀ကို အလှူရှင် ရဲမွန်တောင်ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးထွန်းမြင့်ဦးက အလှူငွေပေးအပ်လှူဒါန်းရာ မဟာအောင်မြေ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးနိုင်နှင့် ဂေါပက ဥက္ကဋ္ဌ ဦးမြင့်အောင်တို့က လက်ခံရယူပြီး ကျေးဇူးတင်ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သော သဏ္ဌိသုခဗိမာန်တော် မျက်နှာကြက်ပြုပြင်ရန် လိုအပ်လျက်ရှိရာ ပါဝင်လှူဒါန်းလိုပါက ဂေါပကအဖွဲ့နှင့် ရဲမွန်တောင် ရပ်ကွက်ရုံးသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(ဝဲပုံ)**

**(မန္တလေးနေ့စဉ်-၆)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

★ ရှေ့ဖုံးမှ

### ဒေသဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိမှုနှင့် လုပ်ငန်းလိုအပ်ချက်များအား အသီးသီးဆွေးနွေးတင်ပြ

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်က ဒေသဆိုင်ရာအချက်အလက်များ၊ မိုးရေချိန်ရရှိမှုနှင့် မြေအသုံးချမှု၊ ၂၀၂၀-၂၀၂၁ ခုနှစ်မှ ၂၀၂၄-၂၀၂၅ (၅) နှစ်တာ ကာလအတွင်း လယ်ယာကဏ္ဍဆိုင်ရာ သီးထပ်၊ သီးနှံစိုက်ဧရိယာ တိုးတက်မှု၊ ၂၀၂၅-၂၀၂၆ ခုနှစ်အတွင်း အရေးကြီးသီးနှံ(၁၄)မျိုး စိုက်ပျိုးထုတ်လုပ်မှုနှင့် ပန်းတိုင်ရရှိမှု၊ နှစ်အလိုက် ဆန်၊ ဆီ၊ ပဲဖူလုံမှု၊ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ ရယူထားရှိမှုနှင့်ပြန်လည်ပေးဆပ်နိုင်မှု၊ ပထမရက် ၁၀၀ အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်သွားမည့် အခြေအနေများ၊ ဒေသတွင်း MSME လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုနှင့် စက်မှုဇုန်များ တည်ထောင်ဆောင်ရွက်လျက်ရှိမှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှု သမဝါယမအသင်းများ ဖွဲ့စည်းထားရှိမှု၊ အစိုးရသစ်ပထမရက် (၁၀၀) အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်သွားရန် လျာထားမှု၊ နိုင်ငံတော်သမ္မတ၏ ဦးဆောင်လမ်းညွှန်မှုနှင့်အညီ မန္တလေးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးမွေးမြူရေးနှင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ သမဝါယမ၊ ကျေးလက်နေပြည်သူများ ဖွံ့ဖြိုးတိုးတက်စေရေးလုပ်ငန်းများနှင့် အစိုးရသစ်၏ ပထမရက်ပေါင်း (၁၀၀)အတွင်း ဆောင်ရွက်သွားမည့် အစီအမံကို အောင်မြင်အောင် ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများမှထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသထားမှုကို လှည့်လည်ကြည့်ရှုစဉ်။

**★ မန္တလေးတိုင်းဒေသကြီးသည် စက်မှုလုပ်ငန်းများ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အားလုံး၌ အောင်မြင်ဖြစ်ထွန်းမှုရှိသော ထူးခြားသည့်တိုင်းဒေသကြီးတစ်ခု ဖြစ်ကြောင်း၊ အရေးကြီးသီးနှံ ၁၄ မျိုး စိုက်ပျိုးထုတ်လုပ်မှုအနေဖြင့် အားရကျေနပ်ဖွယ် အနေအထားတွင်ရှိပြီး ပန်းတိုင်ရရှိမှုမြင့်မားစေရေးအတွက် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားကြစေလို**

**★ လက်ရှိ စိုက်ပျိုးနေသည့် စိုက်ဧကအတိုင်း သီးထပ်စွမ်းအားပြည့်မီအောင် စိုက်ပျိုးနိုင်မည်ဆိုပါက နှစ်စဉ် အမေရိကန် ဒေါ်လာ ၂၀ ဘီလီယံခန့် ပိုမိုအကျိုးအမြတ်ရရှိနိုင်မည်**

ထို့နောက် တက်ရောက်လာကြသည့် မန္တလေးတိုင်းဒေသကြီးအတွင်း အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်း(MSME)များ ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းရှင်များက လုပ်ငန်းဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ လုပ်ငန်းလိုအပ်ချက်များနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြကြရာတွင် နိုင်ငံတော်သမ္မတကြီးအနေဖြင့် ယခုကဲ့သို့ မန္တလေးတိုင်းဒေသကြီးသို့ လာရောက်စဉ် မိမိတို့လုပ်ငန်းရှင်များ၏ တွေ့ကြုံနေရမှုများ၊ လုပ်ငန်းလိုအပ်ချက်များနှင့်ပတ်သက်၍ တင်ပြခွင့်ရသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူလျက်ရှိမှု၊ မန္တလေး-မြို့သာ စက်မှုဥယျာဉ်တည်ဆောက်ရေးစီမံကိန်းအား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိမှုနှင့် ဆက်လက် ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များ၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းအနေဖြင့် တိုင်းဒေသကြီးအတွင်း စီးပွားရေးလုပ်ငန်းများ ချောမွေ့မှန်ကန်လျင်မြန်စွာ လုပ်ဆောင်နိုင်ရေးအတွက် နိုင်ငံတော်ကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍအကြား ပူးပေါင်း ပါဝင်ဆောင်ရွက်လျက်ရှိမှု၊ MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိမှုအခြေအနေများ၊ စက်မှုဇုန်များ လျှပ်စစ်မီးရရှိရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိမှုနှင့် နိုင်ငံတော်မှအကူအညီများရရှိရန် လိုအပ်လျက်ရှိမှု၊ မန္တလေး စက်မှုဇုန်အတွင်း ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုနှင့် အလုပ်အကိုင်များ ဖော်ဆောင်ပေးလျက်ရှိမှု၊ နိုင်ငံတကာ နည်းပညာဖိုရမ်၊ နိုင်ငံတကာစီးပွားရေး ဖိုရမ်များသို့ မန္တလေးစက်မှုဇုန်ရှိ သင့်လျော်သော လုပ်ငန်းရှင်များ ပါဝင်တက်ရောက်နိုင်ရေး နိုင်ငံတော်က ကူညီဆောင်ရွက်ပေးစေလိုမှု၊ ရက်ကန်းလုပ်ငန်းများအတွက် လိုအပ်သည့် ခေတ်မီသည့် ရက်ကန်းစက်များ တင်သွင်းခွင့်ရရှိရေးနှင့် ရက်ကန်းလုပ်ငန်းများအတွက် လိုအပ်သည့် အရင်းအနှီးများကို နိုင်ငံတော်ကကူညီဆောင်ရွက်ပေးစေလိုမှု၊ မန္တလေးစက်ရုံရှိ သံရည်ကျိုလုပ်ငန်းရှင်များ စုဖွဲ့၍ ဆောက်လုပ်ရေးသုံး သံပန်းလုံးများကို ငလျင်ဒဏ်ခံနိုင်သော အရည်အသွေးစံချိန်စံညွှန်းပြည့်မီအောင် ထုတ်လုပ်လျက်ရှိမှုနှင့် သံရည်ကျိုလုပ်ငန်းများအတွက် လိုအပ်သည့် စက်ပစ္စည်းများ တင်သွင်းခွင့်ရရှိရေး နိုင်ငံတော်က ကူညီဆောင်ရွက်ပေးစေလိုမှုတို့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

### ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေး

လုပ်ငန်းရှင်များ၏ တင်ပြချက်များနှင့် စပ်လျဉ်း၍ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ဆွေးနွေးကြရာတွင် စက်မှုဇုန်များအတွက် လိုအပ်သည့် လျှပ်စစ်ဓာတ်အားများ လုံလောက်စွာရရှိရေးအတွက် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း လုပ်ငန်းများကို နိုင်ငံတော်က သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်နိုင်မှု၊ ပြည်တွင်း စက်မှုလုပ်ငန်းရှင်များအား နိုင်ငံတကာနည်းပညာဖိုရမ်များနှင့် စီးပွားရေးဖိုရမ်များသို့ စေလွှတ်ပေးလျက်ရှိမှုနှင့် ပိုမိုစေလွှတ်ပေးနိုင်ရေး ဝန်ကြီးဌာနအနေဖြင့် ညှိနှိုင်းဆောင်ရွက်ပေးသွားမည့်အခြေအနေများ၊ စက်မှုလုပ်ငန်းများအတွက် လိုအပ်သည့် စက်ပစ္စည်းများ တင်သွင်းခွင့်ရရှိရေးအတွက် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိမှု၊ ဆောက်လုပ်ရေးလုပ်ငန်းများအတွက် လိုအပ်သည့် သံနှင့်သံမဏိများ ထုတ်လုပ်ရာတွင် အရည်အသွေးပြည့်မီရန် လိုအပ်လျက်ရှိသဖြင့် မြန်မာနိုင်ငံ သံနှင့်သံမဏိအသင်းနှင့် ဆက်သွယ်ဆောင်ရွက်ရန် လိုအပ်လျက်ရှိမှု၊ မန္တလေးတိုင်းဒေသကြီးအတွင်း သစ်နှင့် ဝါးထုတ်ကုန် ပစ္စည်းများအား အဆင့်မြင့် ထုတ်ကုန်များအဖြစ် ထုတ်လုပ်နိုင်မှု၊ လေထုညစ်ညမ်းမှု လျှော့ချရေးအတွက် မီးခိုးမြူငွေ့လျှော့ပါးပပျောက်ရေး လုပ်ငန်းစဉ်များနှင့် စိမ်းလန်းစိုပြည်ရေး လုပ်ငန်းစဉ်များတွင် အားလုံးက ဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြစေလိုမှု၊ မန္တလေးတိုင်းဒေသကြီးအတွင်း သမဝါယမအသင်းအဖွဲ့များ ဖွဲ့စည်း၍ စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး မတည်ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိမှုနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ပေးလျက်ရှိမှု၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့်ပတ်သက်၍ သွင်းအားစုနှင့်နည်းပညာရရှိရေး၊ မျိုးကောင်းမျိုးသန့်များနှင့်မျိုးစေ့များ ရရှိရေးနှင့် အခြားလိုအပ်ချက်များကိုနိုင်ငံတော်က ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသဖြင့် သက်ဆိုင်ရာဌာနများသို့ ဆက်သွယ်၍ ချိတ်ဆက်ဆောင်ရွက်နိုင်မှု၊ နိုင်ငံတော်အနေဖြင့် ပို့ဆောင်ရေးကဏ္ဍအဆင့်မြှင့်တင်နိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံတော်အတွက် အကျိုးဖြစ်ထွန်းစေသည့် Public Transportation စနစ်တစ်ခုဖြစ်သည့် ရထား သယ်ယူပို့ဆောင်ရေးစနစ်အား ပိုမိုတိုးတက်ကောင်းမွန်စေရေး အဆင့်မြှင့်တင် ဆောင်ရွက်ပေးလျက်ရှိမှုနှင့် ခရီးစဉ်များ တိုးချဲ့ပြေးဆွဲ ဆောင်ရွက်ပေးလျက်ရှိမှု၊ ဒစ်ဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဆင့်အလိုက် အဆင့်မြှင့်တင် ဆောင်ရွက်ပြီး Digitalization ကို ဖော်ဆောင်နိုင်ရေး ဆောင်ရွက်လျက်ရှိမှုတို့နှင့်ပတ်သက်၍ပြန်လည်ဆွေးနွေးခဲ့ကြသည်။

### ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် ပတ်သက်၍ ဆွေးနွေးမှာကြား

ယင်းနောက် နိုင်ငံတော်သမ္မတက ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားရာတွင် မိမိအနေဖြင့် နိုင်ငံတော်သမ္မတအဖြစ် တာဝန်ထမ်းဆောင်ပြီး နောက်ပိုင်း ပြည်သူလူထုနှင့် ပထမဆုံးအကြိမ်အဖြစ် တွေ့ဆုံခြင်း ဖြစ်ကြောင်း၊ မန္တလေးမြို့သည် အထက်မြန်မာနိုင်ငံ၏ စီးပွားရေးမြို့၊ စက်မှုမြို့ဖြစ်သကဲ့သို့ ရှေးဟောင်းအမွေအနှစ်များဖြင့် ပြည့်ဝနေသည့်မြို့တစ်မြို့ဖြစ်ကြောင်း၊ ပြီးခဲ့သည့် သင်္ကြန်ကာလအတွင်း မိမိတို့နိုင်ငံ၏နှစ်သစ်ကူးပွဲတော်ဖြစ်သည့် အတာသင်္ကြန်ပွဲတော်ကို မြန်မာ့ရိုးရာယဉ်ကျေးမှုအစဉ်အလာနှင့်အညီ ပီပီပြင်ပြင်ဖြင့် ဖော်ပြနိုင်ခဲ့ပြီး နိုင်ငံ့ဂုဏ်ကို မြှင့်တင်နိုင်ခဲ့သဖြင့် မန္တလေးမြို့ရှိ ပြည်သူများအားလုံးကို ဂုဏ်ပြုကျေးဇူးတင်ရှိကြောင်း။

မန္တလေးတိုင်းဒေသကြီးသည် စက်မှုလုပ်ငန်းများ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အားလုံး၌ အောင်မြင်ဖြစ်ထွန်းမှုရှိသော ထူးခြားသည့်တိုင်းဒေသကြီးတစ်ခုဖြစ်ကြောင်း၊ အရေးကြီးသီးနှံ ၁၄ မျိုး စိုက်ပျိုးထုတ်လုပ်မှုအနေဖြင့် အားရကျေနပ်ဖွယ် အနေအထားတွင်ရှိပြီး ပန်းတိုင်ရရှိမှုမြင့်မားစေရေးအတွက် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားကြစေလိုကြောင်း၊ တိုင်းဒေသကြီး၏ GDP အနေဖြင့် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ကိုးဘီလီယံခန့်ရှိပြီး တစ်နိုင်ငံလုံး အတိုင်းအတာ၏ ၁၀ ရာခိုင်နှုန်းခန့် ပါဝင်ကြောင်း။

လက်ရှိအချိန်တွင် ကမ္ဘာ့နိုင်ငံရေး ဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေများအရ ကမ္ဘာ့နိုင်ငံတိုင်းတွင် လောင်စာဆီအခက်အခဲများ ကြုံတွေ့နေရမှုနှင့် အတူ မိမိတို့နိုင်ငံသည်လည်း ခံစားရလျက်ရှိကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် အများပြည်သူသုံး သယ်ယူပို့ဆောင်ရေး (Public Transportation) ကို ကောင်းမွန်အောင် ဆောင်ရွက်ပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ရထားပို့ဆောင်ရေး ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကိုဦးစားပေး ဆောင်ရွက်လျက်ရှိကြောင်း။

### စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်း (Agro-based Industries) များကို အားပေးမြှင့်တင်

မန္တလေးတိုင်းဒေသကြီး အတွင်း ပန်းတိုင်ရည်မှန်းချက် မပြည့်မီခြင်းကြောင့် ပန်းတိုင်ရည်မှန်းချက်သီးနှံ ၁၀ မျိုးတွင် နှစ်စဉ် မြန်မာကျပ်ငွေ ၃၇၆၅ ဘီလီယံခန့် လျော့နည်းနစ်နာဆုံးရှုံးရလျက်ရှိကြောင်း၊ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် နှစ်စဉ် အမေရိကန်ဒေါ်လာ ရှစ်ဘီလီယံခန့် ထိခိုက်နစ်နာဆုံးရှုံးရလျက်ရှိကြောင်း၊ လက်ရှိစိုက်ပျိုးနေသည့် စိုက်ဧကအတိုင်း သီးထပ်စွမ်းအားပြည့်မီအောင် စိုက်ပျိုးနိုင်မည်ဆိုပါက နှစ်စဉ် အမေရိကန်ဒေါ်လာ ၂၀ ဘီလီယံခန့် ပိုမိုအကျိုးအမြတ်ရရှိနိုင်မည် ဖြစ်ကြောင်း၊ မိမိတို့ နိုင်ငံသည် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စီးပွားရေးကို ဆောင်ရွက်သည့် နိုင်ငံတစ်ခုဖြစ်သည့်အတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ကမ္ဘာပေါ်ရှိ ဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံအများအပြား၌ပင် စိုက်ပျိုးရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်နေရဆဲဖြစ်သည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ ဥပမာအားဖြင့် ကမ္ဘာ့အင်အားကြီး နိုင်ငံတစ်နိုင်ငံဖြစ်သည့် အမေရိကန်နိုင်ငံသည်ပင်လျှင်

စာမျက်နှာ ၄ သို့ ★

# မန္တလေးတိုင်းဒေသကြီးအတွင်း ဝါကိုအခြေခံသည့် စက်မှုကုန်ထုတ်လုပ်ငန်းကို အောင်မြင်အောင်ဆောင်ရွက်နိုင် ဝါစိုက်ပျိုးထုတ်လုပ်မှု တိုးတက်အောင်ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသနှင့် နိုင်ငံအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်

★ စာမျက်နှာ ၃ မှ

စိုက်ပျိုးရေးထုတ်ကုန်များကို ထုတ်လုပ်၍ ပြည်ပနိုင်ငံများသို့ အများအပြားတင်ပို့နေသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်း (Agro-based Industries)၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME)လုပ်ငန်းများကို အားပေးမြှင့်တင်ခြင်းဖြင့် နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

**ပညာတတ်လူ့စွမ်းအား အရင်းအမြစ်ကောင်းများကသာလျှင် နိုင်ငံတော်ကို ဖွံ့ဖြိုးတိုးတက်ပြီး ရေရှည်တည်တံ့အောင် ထိန်းသိမ်း ဆောင်ရွက်ပေးနိုင်မည်**

ထိုသို့ ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်တွင် အတန်းပညာမြင့်မားပြီး အသိပညာ၊ အတတ်ပညာကြွယ်ဝသည့် လူသားအရင်းအမြစ်ကောင်းများ များစွာ ရရှိရန် လိုအပ်ကြောင်း၊ မိမိတို့နိုင်ငံ၏ ပညာရေးကို ကြည့်မည်ဆိုပါက ခေတ်အဆက်ဆက်တွင် အားနည်းလျက်ရှိသည်ကို တွေ့မြင်ရမည်ဖြစ်ပြီး မဖြစ်မနေမြှင့်တင်ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ အတတ်ပညာ၊ အသိပညာ ပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်ကောင်းများကသာလျှင် နိုင်ငံတော်ကို ဖွံ့ဖြိုးတိုးတက်ပြီး ရေရှည်တည်တံ့အောင် ထိန်းသိမ်းဆောင်ရွက်ပေးနိုင်မည် ဖြစ်ကြောင်း၊ အတန်းပညာမှတစ်ဆင့် အတတ်ပညာ၊ အသိပညာများကို ပိုမိုပြည့်စုံအောင် ဖော်ဆောင်ပေးနိုင်မည် ဖြစ်သဖြင့် ကျောင်းနေအရွယ် ကလေးများအားလုံး ပညာသင်ကြားနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် နိုင်ငံတော်၏ အနိမ့်ဆုံးပညာရေးရည်မှန်းချက်အဖြစ် KG+9 အထိ မသင်မနေရ ပညာရေးစနစ်ကို ချမှတ်ထားပြီး ပညာတတ် လူ့စွမ်းအားအရင်းအမြစ်ကောင်းများ ပေါ်ထွက်လာအောင် ဆောင်ရွက်ပေးလျက်ရှိနေကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးမွေးမြူရေးကို အဓိကထားဆောင်ရွက်သည့် နိုင်ငံဖြစ်သဖြင့် စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ပညာရှင်များ ပိုမိုပေါ်ထွက်လာစေရေး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်စက်မှုနည်းပညာဘာသာရပ်များကို အခြေခံပညာအလယ်တန်းနှင့် အထက်တန်းတို့တွင် သင်ကြားပေးလျက်ရှိကြောင်း၊ အနာဂတ် နိုင်ငံတော်ကို ဦးဆောင်ကြမည့် အသိပညာ၊ အတတ်ပညာနှင့် ပြည့်စုံကြွယ်ဝသည့် မျိုးဆက်သစ် လူငယ်လူရွယ်များကို ဆက်လက်အားပေး မွေးထုတ်ပေးသွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME)လုပ်ငန်းများမှထွက်ရှိသည့် စားသောက်ကုန်များ ခင်းကျင်းပြသထားမှုကို လှည့်လည်ကြည့်ရှုစဉ်။

မွေးမြူရေးလုပ်ငန်းပိုင်းဆိုင်ရာများနှင့်ပတ်သက်၍ မန္တလေးတိုင်းဒေသကြီးအတွင်း အသား၊ ငါး ဈေးနှုန်းများ ကြီးမြင့်လျက်ရှိသည်ကို တွေ့မြင်ရကြောင်း၊ ဒေသတွင်း စားသုံးမှုဖူလုံမှုမှတစ်ဆင့် နိုင်ငံတစ်ဝန်းလုံးဖူလုံရေးကို ဖော်ဆောင်ပေးနိုင်မည်ဆိုပါက အသား၊ ငါးများ၏ ကုန်ဈေးနှုန်းများသည်လည်း ကျဆင်းလာနိုင်မည်ဖြစ်ကြောင်း၊ ဒေသတွင်းမှ ထွက်ရှိသည့် စိုက်ပျိုးရေးထွက်ကုန်များကို အခြေခံသည့် တိရစ္ဆာန်အစာများကို ပိုမိုတိုးမြှင့်ထုတ်လုပ်၍ မွေးမြူရေးလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်သွားမည်ဆိုပါက ဒေသတွင်းစားသုံးမှုကို ဖူလုံစေမည်ဖြစ်ပြီး ကုန်ဈေးနှုန်း ကြီးမြင့်ခြင်းများကိုလည်း လျှော့ချနိုင်စေမည်ဖြစ်ကြောင်း။

**နိုင်ငံသားတိုင်း သက်ရှည် ကျန်းမာသည့် လူမှုဘဝကို ပိုင်ဆိုင် နိုင်ကြရန် ကြိုးပမ်းဆောင်ရွက်**

ကျန်းမာရေးနှင့်ပတ်သက်၍ မိမိတို့နိုင်ငံ၏ မျှော်မှန်းသက်တမ်းသည် ၂၀၂၄-၂၀၂၅ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းအရ ၆၉ နှစ်ဖြစ်သဖြင့် အိမ်နီးချင်းနိုင်ငံများနှင့် ဒေသတွင်းနိုင်ငံများထက် နည်းပါးနေဆဲဖြစ်သည်ကို တွေ့မြင်ရကြောင်း၊ ထို့ကြောင့် နိုင်ငံသားတိုင်း ကျန်းမာရေးကောင်းမွန်ရန်လိုကြောင်း၊ လူတစ်ဦးချင်းစီ၏ ကျန်းမာရေးကောင်းမွန်ရန်အတွက် စီးပွားရေးကောင်းမွန်ရန်လိုပြီး စီးပွားရေးကောင်းမွန်မှသာလျှင် နေထိုင်စားသောက်မှု၊ ပညာသင်ကြားမှုများ တိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ ပညာရေးအားကောင်းမွန်လာခြင်းနှင့်အတူ လူမှုစီးပွားဘဝများသည်လည်း တိုးတက်လာမည်ဖြစ်ပြီး နိုင်ငံသားတိုင်း သက်ရှည်ကျန်းမာသည့် လူမှုဘဝကို ပိုင်ဆိုင်နိုင်ကြမည်ဖြစ်ကြောင်း။

စိုက်ပျိုးရေးတွင် ဝါစိုက်ပျိုးမှုအနေဖြင့် စစ်ကိုင်း၊ မကွေး၊ မန္တလေးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ဝါကိုစိုက်ပျိုးကြပြီး မန္တလေးတိုင်းဒေသကြီးသည် ဒုတိယအများဆုံး စိုက်ပျိုးသည့် တိုင်းဒေသကြီးတစ်ခုဖြစ်ကြောင်း၊ ထို့ကြောင့် မန္တလေးတိုင်းဒေသကြီးအတွင်း ဝါကိုအခြေခံသည့် စက်မှုကုန်ထုတ်လုပ်ငန်းကို အောင်မြင်အောင် ဆောင်ရွက်နိုင်ကြောင်း၊ ဝါစိုက်ပျိုးထုတ်လုပ်မှုကိုတိုးတက်အောင်ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသနှင့် နိုင်ငံအတွက် များစွာ အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်း ရက်ကန်းလုပ်ငန်းများ တိုးတက်လာစေရေးအတွက်လည်း တာဝန်ရှိသူများနှင့် စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဝါမှချည်နှင့် ချည်ထည်များကို ထုတ်လုပ်နိုင်သကဲ့သို့ ဝါစေ့ဆီနှင့် ဝါကြိတ်ဖတ်မှ တိရစ္ဆာန်အစာများကို ထုတ်လုပ်နိုင်ကြောင်း၊ ဝါဖန်စက်များကိုလည်း စမ်းသပ်ထုတ်လုပ်လျက်ရှိပြီး အောင်မြင်ပြီးပါက ဆက်လက် ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဝါကိုအခြေခံသည့် စက်မှုလုပ်ငန်းများ မန္တလေးတိုင်းဒေသကြီးအတွင်းတိုးတက်လာစေရေးကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း။

ထုတ်ကုန်ပစ္စည်းများ အနေဖြင့် ဈေးကွက်ရရှိရန် လိုအပ်မည်ဖြစ်ပြီး ရောင်းကုန် ပစ္စည်းများလည်းဖြစ်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံသားတိုင်းတွင် စီးပွားရေးအသိအမြင်များ ရှိရန်လည်း မဖြစ်မနေ လိုအပ်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် တက္ကသိုလ်များ၌ စီးပွားရေးပညာရပ်များကို ထည့်သွင်းသင်ကြားပေးလျက်ရှိနေခြင်းဖြစ်ကြောင်း၊ "ပစ္စည်းချင်းတူပါက ဈေးနှုန်းသက်သာရမည်၊ ဈေးနှုန်းချင်းတူပါက ပစ္စည်းပိုကောင်းရမည်" ဖြစ်ပြီး ထိုသို့ ဆောင်ရွက်သွားမည်ဆိုပါက ဈေးကွက် ပိုမိုရရှိလာနိုင်မည်ဖြစ်ကြောင်း။

ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် သမဝါယမစနစ်ဖြင့် ဆောင်ရွက်မည်ဆိုပါက ပိုမိုကောင်းမွန်မည်ဖြစ်ကြောင်း၊ သမဝါယမစနစ်ဆိုသည်မှာ စုပေါင်းဆောင်ရွက်သည့်စနစ် ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်ငန်းတွင် အားနည်းသူများစုပေါင်း၍ ဆောင်ရွက်ကြခြင်းဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းများအောင်မြင်လာပြီး ဝင်ငွေများ ပိုမိုရရှိလာကြမည်ဖြစ်ကြောင်း၊ ကမ္ဘာပေါ်ရှိ ဖွံ့ဖြိုးပြီးနိုင်ငံများ၌ပင် သမဝါယမစနစ်ကို ကျင့်သုံးလျက်ရှိနေကြကြောင်း။

လာမည့် ဇွန် ၁ ရက် ဆိုပါက ကျောင်းများ ပြန်လည်ဖွင့်လှစ်မည်ဖြစ်ပြီး ယခုလ ၂၅ ရက်မှစ၍ ကျောင်းအပ်နှံရေး ရက်သတ္တပတ် လှုပ်ရှားမှုများ ဆောင်ရွက်ကြမည်ဖြစ်ကြောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်း ကျောင်းနေအရွယ်ကလေးများ အားလုံး ကျောင်းနေနိုင်ရေး၊ ကျောင်းများ အားလုံး ဖွင့်လှစ်သင်ကြားနိုင်ရေး အားလုံးက ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြစေလိုကြောင်း။

**စိမ်းလန်းစိုပြည်ရေးနှင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရေး**

ရေရရှိရေးနှင့်ပတ်သက်၍ မန္တလေးတိုင်းဒေသကြီးအတွင်း ရေဖူလုံစွာရရှိရေးရှိပြီးဖြစ်သည့် အရင်းအမြစ်များကို အကျိုးရှိအောင်အသုံးချ၍ ဆောင်ရွက်သွားကြစေလိုကြောင်း၊ စိမ်းလန်းစိုပြည်ရေးနှင့်ပတ်သက်၍ ရာသီဥတုပူပြင်းလာခြင်းကို မိမိတို့အနေဖြင့် ပြောင်းလဲ၍ မရနိုင်သော်လည်း သက်သာအောင် ဆောင်ရွက်နိုင်ကြောင်း၊ ရပ်ရွာများ၊ မြို့များအလိုက် သစ်ပင်များစိုက်ပျိုးခြင်း၊ လမ်းဘေးဝဲ/ယာတစ်လျှောက် စနစ်တကျဖြင့် သစ်ပင်များစိုက်ပျိုးခြင်းဖြင့် ပူပြင်းသည့်ရာသီဥတုကို တွန်းလှန်နိုင်မည်ဖြစ်သကဲ့သို့ စိမ်းလန်းစိုပြည်သည့် ပတ်ဝန်းကျင်နှင့် ညီညွတ်မျှတသည့် ရာသီဥတုရရှိစေနိုင်မည် ဖြစ်ကြောင်း၊ စိမ်းလန်းစိုပြည်သည့် မြင်ကွင်းများကို မြင်တွေ့ရခြင်း၊ ကျန်းမာရေးနှင့် ညီညွတ်မျှတသည့် ရာသီဥတုကို ရရှိစေခြင်းတို့ဖြင့် မျက်စိပသာဒကို ဖြစ်ပေါ်စေပြီး လူများ၏ စိတ်နှလုံးကို အေးမြစေသည့် အကျိုးကျေးဇူးကို ရရှိစေမည်ဖြစ်ကာ ဒေသသို့ လာရောက် လည်ပတ်သူများလည်း များပြားလာစေမည်ဖြစ်ကြောင်း၊ "အိမ်သာလျှင် ဧည့်လာမည်"ဟူသည့်အတိုင်း မိမိတို့ဒေသ သာယာလှပရေး၊ ဒေသ၏ ရိုးရာအမွေအနှစ်များ၊ ရိုးရာအဝတ်အစားနှင့် အစားအသောက်များ ကောင်းမွန်စေရေး၊ဝန်ဆောင်မှုကောင်း ပေးနိုင်ရေးတို့ကို အားလုံးက ဝိုင်းဝန်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ဒေသတွင်း ခရီးသွားများ ဝင်ရောက်ခြင်းဖြင့် ဒေသစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုစေနိုင်မည်ဖြစ်သဖြင့် ခရီးသွားကဏ္ဍမြှင့်တင်ရေးအတွက် ဆောင်ရွက်သွားကြစေလိုကြောင်း၊ မန္တလေးတိုင်းဒေသကြီး အနေဖြင့် ဖွံ့ဖြိုးတိုးတက်နိုင်မည့် အလားအလာကောင်းများစွာကို ပိုင်ဆိုင်ထားရှိပြီးဖြစ်သည့်အတွက် အားလုံးက ဝိုင်းဝန်း ကြိုးပမ်း ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် ခင်းကျင်းပြသထားသည့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME) လုပ်ငန်းများမှထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းများ၊ ဒေသထွက် စားသောက်ကုန်များ၊ လက်မှုပစ္စည်းများ၊ အဝတ်အထည်များအား ပြခန်းတစ်ခုချင်းစီအလိုက် စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

- ❖ **ဒေသတွင်းစားသုံးမှုဖူလုံမှုမှတစ်ဆင့် နိုင်ငံတစ်ဝန်းလုံးဖူလုံရေးကို ဖော်ဆောင်ပေးနိုင်မည်ဆိုပါက အသား၊ ငါးများ၏ ကုန်ဈေးနှုန်းများသည်လည်း ကျဆင်းလာနိုင်မည်**
- ❖ **ဒေသတွင်းမှ ထွက်ရှိသည့် စိုက်ပျိုးရေးထွက်ကုန်များကိုအခြေခံသည့် တိရစ္ဆာန်အစာများကို ပိုမိုတိုးမြှင့်ထုတ်လုပ်၍ မွေးမြူရေးလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်သွားမည်ဆိုပါက ဒေသတွင်းစားသုံးမှုကို ဖူလုံစေမည်ဖြစ်ပြီး ကုန်ဈေးနှုန်း ကြီးမြင့်ခြင်းများကိုလည်း လျှော့ချနိုင်စေမည်**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ မကွေးမြို့မှ မြို့မိမြို့ဖများ၊ လုပ်ငန်းရှင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ

## ဥပဒေပြုဆောင်ရွက်ပေးရမည့် ကိစ္စရပ်များရှိပါက အကြံပြုတင်ပြစေလိုကြောင်း ပြောကြား

မကွေး မေ ၁၅

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးခင်ရီသည်မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်ကိုကို၊ မကွေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်ဌေးတို့နှင့်အတူ မကွေးမြို့မှ မြို့မိမြို့ဖများ၊ လုပ်ငန်းရှင်များ၊ လူမှုရေးအသင်းအဖွဲ့များကို ယနေ့နံနက်ပိုင်းတွင် မကွေးမြို့ မြို့တော်ခန်းမ၌ ရင်းရင်းနှီးနှီး တွေ့ဆုံသည်။



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ မကွေးမြို့မှ မြို့မိမြို့ဖများ၊ လုပ်ငန်းရှင်များ၊ လူမှုရေးအသင်းအဖွဲ့များအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။

တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ယနေ့တက်ရောက်လာကြသည့် မကွေးမြို့မှ မြို့မိမြို့ဖများ၊ လုပ်ငန်းရှင်များ၊ လူမှုရေး အသင်းအဖွဲ့များ အနေဖြင့် နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်ဖြစ်သည့် နိုင်ငံတော်၏ ဒုတိယစာမျက်နှာကို နိုင်ငံတော်အစိုးရ၊ လွှတ်တော်၊ ပြည်သူ၊ နိုင်ငံရေးပါတီများဖြင့် အတူတကွ ဖွင့်လှစ် လက်တွဲလျှောက်လှမ်းနိုင်ရေးနှင့် မိမိတို့ဒေသအတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး အတွက် နိုင်ငံတော်အစိုးရက အကောင်အထည်ဖော်ဆောင်ရွက်ပေးမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ လွှတ်တော်က ပေါင်းစပ်ညှိနှိုင်းပေးရမည့် ကိစ္စရပ်များရှိပါက လွှတ်တော်မှတစ်ဆင့် ဆောင်ရွက်ပေးနိုင်ရေးအတွက် လာရောက်ရခြင်းဖြစ်ပါကြောင်း။

ဒီမိုကရေစီစနစ်ကို လျှောက်လှမ်းရာတွင် ရွေးကောက်ပွဲများကို မဖြစ်မနေကျင်းပကြရပြီး ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးစသည့် မဏ္ဍိုင်(၃)ရပ် ပေါ်ပေါက်လာပါကြောင်း၊ အဆိုပါ မဏ္ဍိုင်(၃)ရပ်သည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး အတွက် ရည်မှန်းချက်တူညီစွာဖြင့် အပြန်အလှန်ပူးပေါင်းဆောင်ရွက်လျက် ရှိပါကြောင်း၊ လွှတ်တော်အနေဖြင့် ပြည်သူကို ကိုယ်စားပြုပြီး မေးခွန်းများ မေးမြန်းခြင်း၊ အဆိုများတင်သွင်းခြင်းဖြင့် ပြည်သူများ၏လိုလားချက်များကို လွှတ်တော်အတွင်းမှ ထိထိရောက်ရောက် ဆောင်ရွက်ပေးသွားမည်ဖြစ်သဖြင့် အခက်အခဲနှင့် လိုအပ်ချက်များကို ပွင့်ပွင့်လင်းလင်း အကြံပြုတင်ပြပေးစေလိုကြောင်း။

လွှတ်တော်များသည် ဥပဒေပြုရေးတာဝန်ကို အဓိကဆောင်ရွက်ရသည့် အားလျော်စွာ ပြည်သူများ အေးချမ်းလုံခြုံစွာဖြင့် ဥပဒေ၏ အကာအကွယ် အောက်တွင် နေထိုင်နိုင်စေရေးနှင့် လူမှုစီးပွား ဘဝဖွံ့ဖြိုးတိုးတက်စေရေးအတွက် အချို့သော တည်ဆဲဥပဒေများကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ အသစ်ပြဋ္ဌာန်းခြင်းတို့ကို စိစစ် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ဆက်လက်ပြီး တည်ဆဲဥပဒေများကိုလည်း ပြည်သူ့ အကျိုးစီးပွား ဖြစ်ထွန်းစေမည့် ဥပဒေများ၊ ပြည်သူကို လုံခြုံမှုပေးနိုင်သည့် ဥပဒေများ၊ တရားဥပဒေစိုးမိုးရေးကို အားကောင်းစေသည့် ဥပဒေများကို ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

လတ်တလော အနေဖြင့် နိုင်ငံတော်အတွက် လက်ရှိအခြေအနေများနှင့် ကိုက်ညီမည့် အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ ဥပဒေကို လာမည့် လွှတ်တော်များအတွင်း ပြဋ္ဌာန်းနိုင်ရေး ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ထို့ပြင် နိုင်ငံစီးပွား ဖွံ့ဖြိုးတိုးတက်စေရေး အထောက်အကူပြုမည့် ရင်းနှီးမြှုပ်နှံမှုနှင့် သက်ဆိုင်သည့် ဥပဒေများကိုလည်း ပြင်ဆင်ဖြည့်စွက်သင့်သည်များ သုံးသပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မကွေးတိုင်းဒေသကြီးအတွင်းရှိ လုပ်ငန်းရှင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများအနေဖြင့် ဒေသတွင်း အလုပ်အကိုင်ရရှိရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူဖြစ်စေရန် မိမိတို့လွှတ်တော်က ဥပဒေပြုဆောင်ရွက်ပေးရမည့် ကိစ္စရပ်များရှိပါက အကြံပြုတင်ပြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် တွေ့ဆုံပွဲသို့ တက်ရောက် လာကြသူများက ဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေး၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အတွက် အကူအညီပေးရေး ဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ တင်ပြကြရာ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက တင်ပြချက်များကို မှတ်တမ်းတင် ထားရှိပြီး သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားကာ တွေ့ဆုံပွဲ အပြီးတွင် တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး လိုက်လံ နှုတ်ဆက်သည်။ **သတင်းစဉ်**

# အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တပ်မတော်သားမိသားစုဝင် ကျောင်းသား ကျောင်းသူများအတွက် ဖွင့်လှစ်သည့် နွေရာသီသင်တန်းဆင်းပွဲများပြုလုပ်

နေပြည်တော် မေ ၁၅

အနောက်တောင်တိုင်းစစ်ဌာနချုပ်ရှိ တပ်မတော်သားမိသားစုဝင် ကျောင်းသား ကျောင်းသူများ နွေရာသီ ကျောင်းပိတ်ရက်အားလပ်ချိန်များကို အကျိုးရှိစွာ အသုံးချတတ်စေရန်နှင့်လက်တွေ့အသုံးချဘာသာရပ်များနှင့်အတူ ဗဟုသုတရရှိစေပြီး အတတ်ပညာများတိုးပွားစေရန် ရည်ရွယ်ဖွင့်လှစ်ခဲ့သည့် နွေရာသီသင်တန်းများဖြစ်သည့် အင်္ဂလိပ်စာသင်တန်း၊ ကွန်ပျူတာသင်တန်းနှင့် မြန်မာ့သိုင်းသင်တန်းများ ဆင်းပွဲကို ယနေ့တွင် တိုင်းစစ်ဌာနချုပ်ရှိ ရေဝတီခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ် အောင်ကျော်ခိုင်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ သင်တန်းနည်းပြများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။



ဦးစွာ တိုင်းမှူးက သင်တန်းဆင်းအမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက သင်တန်းအလိုက် ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများကိုလည်းကောင်း၊ သင်တန်းနည်းပြ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြု လက်ဆောင်များနှင့် သင်တန်းဆင်း အောင်လက်မှတ်များကိုလည်းကောင်း ပေးအပ်ကြသည်။ ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံ နှုတ်ဆက်ကြကြောင်း သိရသည်။ **သတင်းစဉ်**



# မုံရွာသင်တန်းစခန်းရှိ အခြေခံလေကြောင်း လူငယ်သင်တန်း အမှတ်စဉ်(၁၀) သင်တန်းသား သင်တန်းသူများ နေပြည်တော်သို့ လေ့လာရေးခရီးထွက်ခွာ

နေပြည်တော် မေ ၁၅

စစ်ကိုင်းဒေသကြီး မုံရွာမြို့နယ် မုံရွာသင်တန်းစခန်းရှိ အခြေခံလေကြောင်း လူငယ်သင်တန်း အမှတ်စဉ်(၁၀)မှ သင်တန်းသား သင်တန်းသူများသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်သို့ လေ့လာရေးခရီး သွားရောက်ရန်အတွက် မုံရွာလေဆိပ်မှ ထွက်ခွာကြသည်။

ပို့ဆောင်နှုတ်ဆက်

အဆိုပါ လေ့လာရေးခရီးသွားရောက်ကြမည့် သင်တန်းသား သင်တန်းသူများအား အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်သူရနှင့် တာဝန်ရှိသူများက လေဆိပ်သို့ ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

❖ စာမျက်နှာ ၂၄ မှ

ဦးစွာ တိုင်းမှူးက နယ်မြေဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေဆိုင်ရာ ပုဒ်မများအား အသိပညာပေး ရှင်းလင်းဆွေးနွေး ပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူ ပါရှိလာသည့် လက်လုပ်ပစ္စတိုသေနတ် ငါးလက်၊ မောင်းပြန်ရိုင်ဖယ်သေနတ် ခြောက်လက်နှင့် စကားပြောစက် နှစ်လုံးတို့အား လွှဲပြောင်းအပ်နှံရာ တိုင်းမှူးက လက်ခံရယူသည်။ ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က လက်လုပ်ပစ္စတိုသေနတ် ငါးလက်အတွက် ငွေကျပ် ၂၅ သိန်း၊ မောင်းပြန်ရိုင်ဖယ်သေနတ် ခြောက်လက်အတွက် ငွေကျပ်သိန်း ၃၀၀၊ စကားပြောစက်နှစ်လုံးအတွက် ငွေကျပ်လေးသိန်းနှင့် အလင်းဝင်ရောက်လာသူများအတွက် ငွေကျပ် ၁၉ သိန်း စုစုပေါင်း ငွေကျပ် ၃၄၈ သိန်းနှင့် စာသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ရာ ဥပဒေဘောင်အတွင်း ဝင်ရောက် လာကြသူများက လက်ခံရယူကြသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက် လာကြသူများအား ခံဝန်ကတိ လက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ စနစ်တကျ ပြန်လည်လွှဲပြောင်းအပ်နှံပေးကြသည်။

အလားတူ ပစ္စတိုသေနတ် တစ်လက်၊ မောင်းပြန်ရိုင်ဖယ်သေနတ် ကိုးလက်၊ လက်ပစ်ဗုံး ၇၁ လုံးနှင့်အတူ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသည့် PDF အမည်ခံအကြမ်းဖက်အဖွဲ့ဝင် အမျိုးသား ၆၁ ဦးနှင့် အမျိုးသမီး ငါးဦး စုစုပေါင်း ၆၆ ဦးတို့အား စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ရှိ အောင်စစ်သည် ခန်းမဒ္ဒလည်းကောင်း၊ မောင်းပြန်ရိုင်ဖယ်သေနတ် ၁၇ လက်၊ လက်ပစ်ဗုံး နှစ်လုံး၊ မိုင်း တစ်လုံးတို့နှင့်အတူ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လာသည့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင် အမျိုးသား ၄၀ နှင့် အမျိုးသမီး သုံးဦး စုစုပေါင်း ၄၃ ဦးအား ကလေးမြို့ရှိ အောင်ဆန်းခန်းမဒ္ဒလည်းကောင်း၊ လက်ပစ်ဗုံး တစ်လုံးနှင့်အတူ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသည့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင် အမျိုးသား ၁၆ ဦးနှင့် အမျိုးသမီး နှစ်ဦး စုစုပေါင်း ၁၈ ဦးတို့အား ရွှေဘိုမြို့ရှိ အောင်ဇေယျခန်းမဒ္ဒလည်းကောင်း မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံခြင်းကို ကျင်းပပြုလုပ်ကြရာ သက်ဆိုင်ရာ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။




စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးကိုလေး ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား ၎င်းတို့နှင့်အတူပါလာသည့် လက်နက်များအတွက် ဆုကြေးငွေပေးအပ်စဉ်။

အဆိုပါ ဥပဒေဘောင်အတွင်း ဝင်ရောက် လာကြသူများအား သက်ဆိုင်ရာ တာဝန်ရှိသူများက ပစ္စတိုသေနတ် တစ်လက်အတွက် ဆုကြေးငွေကျပ် ငါးသိန်း၊ မောင်းပြန် ရိုင်ဖယ်သေနတ် ၂၆ လက်အတွက် ဆုကြေးငွေကျပ် သိန်း ၁၃၀၀၊ လက်ပစ်ဗုံး ၇၄ လုံး အတွက် ဆုကြေးငွေကျပ် ၂၂၂ သိန်း၊ မိုင်းတစ်လုံးအတွက် ဆုကြေး ငွေကျပ် သုံးသိန်းနှင့် အလင်းဝင်ရောက်လာသူများ အတွက် ငွေကျပ် ၁၂၇ သိန်း စုစုပေါင်း ၁၆၅၇ သိန်းနှင့် စားသောက်ဖွယ်ရာများကို ပေးအပ်ကြရာ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက် လာကြသူများက လက်ခံရယူကြသည်။

ယနေ့ အခမ်းအနားများတွင် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို လက်ခံယုံကြည်လျက် ဒေသတည်ငြိမ်အေးချမ်းရေးကို အမှန်တကယ်လိုလားကြသည့် ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက် လာကြသူများအား မိဘ အုပ်ထိန်းသူများထံ လွှဲပြောင်းအပ်နှံခဲ့မှု အနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင် မြို့နယ်မှ အမျိုးသားတစ်ဦး၊ ဆားလင်းကြီးမြို့နယ်မှ အမျိုးသား တစ်ဦး၊ ပုလဲမြို့နယ်မှ အမျိုးသား ၁၁ ဦး၊ အမျိုးသမီး တစ်ဦး၊ မုံရွာမြို့နယ်မှ အမျိုးသား သုံးဦး၊ မြင်းမူမြို့နယ်မှ အမျိုးသမီး နှစ်ဦး၊ ဟုမ္မလင်းမြို့နယ်မှ အမျိုးသား ငါးဦး၊ အမျိုးသမီး တစ်ဦး၊ တမူးမြို့နယ်မှ အမျိုးသား နှစ်ဦး၊ ကလေးမြို့နယ်မှ အမျိုးသား ၃၃ ဦး အမျိုးသမီး နှစ်ဦး၊ စစ်ကိုင်းမြို့နယ်မှ အမျိုးသား ၅၆ ဦး၊ အမျိုးသမီး ငါးဦး၊ ထီးချိုင့်မြို့နယ်မှ အမျိုးသား လေးဦး၊ ကသာမြို့နယ်မှ အမျိုးသား တစ်ဦးနှင့် ရွှေဘိုမြို့နယ်မှ အမျိုးသား ၁၆ ဦး၊ အမျိုးသမီး နှစ်ဦး ပေါင်း ၁၄၆ ဦး ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဥပဒေဘောင်အတွင်းသို့ဝင်ရောက်လာကြသည့် PDF အမည်ခံအဖွဲ့ဝင် အများစုသည် မိသားစုဝင် ဆွေမျိုးများအား ခြိမ်းခြောက်အကျပ်ကိုင်၍ အတင်းအဓမ္မ စုဆောင်းခံကြရသူများ ဖြစ်ပြီး အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် အထက်အောက် အဆင့်အတန်းခွဲခြား၍ အချင်းချင်း ဗိုလ်ကျ နှိပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုကျူးလွန်ခြင်း၊ တပ်မတော်၏ တိုက်စစ်ကို ခုခံနိုင်မှု မရှိတော့ဘဲ စိတ်ဓာတ် ကျဆင်းလာခြင်းတို့ အပြင် နိုင်ငံတော်နှင့်တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာ နေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက်ပြန်လည် အကျိုးပြု လိုခြင်းတို့ကြောင့် လက်နက်ကိုင် လမ်းစဉ်အား စွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်ခဲ့ကြခြင်း ဖြစ်ကြောင်း သိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လာကြသူများအား ပြန်လည် ကြိုဆိုလက်ခံ၍ လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည် ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရသည်။ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လိုသူများ အနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ် သတင်းပေးပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည် ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများအတွက် ဆုကြေးငွေများ ထိုက်တန်စွာ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ဥပဒေ ဘောင်အတွင်း ဝင်ရောက် လာကြသူများ၏ ရင်တွင်း စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်-



၁။ ကျွန်တော် အကြမ်းဖက် အဖွဲ့အစည်းထဲကို ရောက်ရှိခဲ့တဲ့ အကြောင်းရင်းကတော့ ကျွန်တော့် သူငယ်ချင်းတွေ စည်းရုံးလို့ အကြမ်းဖက်အဖွဲ့ထဲကို ရောက်ရှိခဲ့ပါတယ်။ အကြမ်းဖက် အဖွဲ့အစည်းထဲကို ရောက်ရှိပြီးတော့ လေးရက်၊ ငါးရက်လောက် နေတော့မှဆယ်ဘက်မှာ သင်တန်းဆင်းခဲ့ပါတယ်။ သင်တန်းဆင်းပြီးတော့ ကျွန်တော် သင်ကြားခဲ့ရတာတွေကတော့ လက်နက်ဖြုတ်တပ်တွေ၊ မိုင်းထောင်၊ မိုင်းခွဲနည်းတွေ သင်ကြားပေးပါတယ်။ သင်တန်းပြီးတော့ ကျွန်တော် တာဝန်ကျတာကတော့ ကင်းစောင့်၊ ထမင်းချက် တာဝန်ယူခဲ့ရပါတယ်။ သူတို့တွေ ဂိတ်ထိုင်လို့ရတဲ့ ပိုက်ဆံတွေ၊ ရွာတွေက ဆက်ကြေးကောက်ရတဲ့ ပိုက်ဆံတွေနဲ့ သူတို့တွေက ကောင်းကောင်းမွန်မွန်နဲ့ နေထိုင်ကြပါတယ်။ ပြီးတော့ ကျွန်တော်တို့တွေ ကျတော့ ဟင်းကောင်း စားချင်ရင်တောင် မိဘဆီက ပြန်တောင်းခဲ့ရပါတယ်။ ကြာလာတော့ ကျွန်တော်တို့လည်း စိတ်ပျက်လာပြီး အလင်းဝင်ဖို့ကို ရည်ရွယ်လိုက်တယ်။ သူတို့က ပြောတာတော့ အလင်းဝင်ရင် သတ်ဖြတ်မယ်၊ ထောင်ချမယ် ဆိုပြီး ပြောကြတယ်။ တကယ်တမ်း ဝင်ကြည့်တော့ သူတို့ပြောတာတွေနဲ့ တခြားစီပဲ။ တကယ်ဒီကို အလင်းဝင်လိုက်တော့ ကျွန်တော်လည်း လူငယ်ပဲဗျာ၊ ကျွန်တော့် အနာဂတ်တွေ ရှိသေးတယ်၊ ကျွန်တော်လည်း တောထဲမှာပဲ အချိန်တွေ အကုန်မခံချင်ဘူး။ အဲဒါကြောင့်မို့ ကျွန်တော် ဒီအလင်းဝင်ဖို့ ဆုံးဖြတ်လိုက်တာပါ။ အလင်းဝင်တော့ တကယ် အလင်းဝင် လိုက်တော့လည်း သူတို့က လက်ဖျားနဲ့တောင် မထိဘဲ နွေးနွေးထွေးထွေး ကြိုဆိုပါတယ်။ နေစရာ စားစရာ အကုန်စီစဉ်ပေးပါတယ်။ ဒီအခမ်းအနားပြီးရင် ကျွန်တော့်ကို မိဘတွေဆီ ပြန်ပို့မယ်ဆိုတာလည်း မှန်သွားပါပြီ။ ကျွန်တော် ပြန်ရောက်ရင်လည်း ယခင် လုပ်ခဲ့တဲ့လုပ်ငန်းကိုပဲ ပြန်လုပ်မှာပါ။ တောထဲမှာ ကျန်ခဲ့တဲ့ ညီအစ်ကို မောင်နှမတွေကိုလည်း အမြန်ဆုံး အလင်းဝင်ကြပါလို့ ဒီနေရာကနေ ဖိတ်ခေါ်အပ်ပါတယ်ခင်ဗျာ။

၂။ ကျွန်တော်တို့ ရွာဘက်မှာ အကြမ်းဖက် PDF အဖွဲ့ထဲကို ဝင်ဖို့အတွက် လူအင်အား လိုအပ်လို့ မဖြစ်မနေ ဝင်ရမယ်ဆိုပြီး ခြိမ်းခြောက်လို့ ကျွန်တော်တို့ ဝင်ခဲ့ရတာပါ။ မဝင်ရင်လည်း သတ်ခံရမှာစိုးလို့ပါဗျာ။ သင်တန်းတက်တဲ့ အချိန်မှာတော့ ကျွန်တော်တို့ လက်နက်ငယ်နဲ့ မိုင်းထောင်နည်း၊ မိုင်းလုပ်နည်းတွေကို သင်ပေးပါတယ်။ သင်တန်းကနေ ဆင်းပြီး ပြန်လာတဲ့အချိန်မှာ ကျွန်တော်တို့ ကင်းစောင့်တာဝန် ထမ်းဆောင်ခဲ့ရပါတယ်။ ကျွန်တော် ဒီအကြမ်းဖက် PDF အဖွဲ့ထဲမှာ ရောက်ရှိနေတဲ့ အချိန်မှာတော့ သူတို့မကျေနပ်တဲ့ ရွာတွေဆိုရင် လည်း မီးရှို့ပါတယ်။ မိန်းကလေးတွေ ဆိုရင်လည်း အပျိုအအို မရှောင်ပါဘူး။ သူတို့သဘောကျတယ် ဆိုရင် မုဒိမ်းကျင့် သတ်ပါတယ်။ လူကြီးတွေကိုလည်း ဖမ်းဆီးရိုက်နှက်ပါတယ်။ ရွာတွေကိုလည်း ဆက်ကြေးကောက်ပါတယ်။ အခုကျွန်တော် အလင်းဝင်ဖို့ စဉ်းစားခဲ့တာက ကျွန်တော့် လုပ်ရပ်တွေ မှားနေတယ်ဆိုတာ



ကျွန်တော်သိပါတယ်။ မိသားစုနဲ့လည်း အကြာကြီး ဝေးကွာနေရတော့ ကိုယ့်မိသားစုနဲ့ကိုယ် ပျော်ပျော်ရွှင်ရွှင် နေထိုင်ချင်ပါတယ်။ အဲဒါကြောင့်မို့ လူငယ် တစ်ယောက်အနေနဲ့ ကိုယ့်ဘဝကို ကိုယ့်မိသားစုနဲ့ ပျော်ပျော်ရွှင်ရွှင် နေပြီးတော့ ကောင်းကောင်းမွန်မွန် လုပ်ကိုင်စားသောက်ချင်လို့ ကျွန်တော်တို့ အလင်းဝင်လာခြင်း ဖြစ်ပါတယ်။ ကျွန်တော် အလင်းဝင်လာတဲ့ အချိန်မှာတော့ နည်းနည်းတော့ စိုးရိမ်မိပါတယ်၊ အဆင်ပြေပါ့မလားလို့။ ဒါပေမဲ့ ကျွန်တော့်အထင်နဲ့ တခြားစီ ဖြစ်နေပြီး နွေးနွေးထွေးထွေး ကြိုဆိုပြီး ထောက်ပံ့မှုတွေ လုပ်ပေးလို့ ကျေးဇူးအများကြီး တင်ပါတယ်။ ကျွန်တော် ဒီကနေ ပြန်ရင်တော့ မိဘထံ အပ်ပေးတဲ့ အချိန်မှာ ကျွန်တော့် မိဘတွေနဲ့ ကောင်းကောင်းမွန်မွန် အလုပ်တစ်ခုကိုလုပ်ပြီး နေထိုင်သွားတော့မှာပါ။ ဒါကြောင့် အကြမ်းဖက် PDF အဖွဲ့ထဲမှာ အခွင့်မသာလို့ အလင်းဝင်ရောက်ချင်တဲ့ ညီအစ်ကို မောင်နှမတွေကိုလည်း ဒီနေရာကနေ ပြောချင်ပါတယ်။ သတင်းအမှားတွေကို နားမယောင်ဖို့နဲ့ ငါတို့တွေ အလင်းဝင်လာတဲ့ အချိန်မှာ နွေးနွေးထွေးထွေး ကြိုဆိုပြီးတော့ ထောက်ပံ့မှုတွေ လုပ်ပေးတယ်ဆိုတာ ငါတို့ကိုယ်တွေ့ပါပဲ။ ဒါကြောင့် အမြန်ဆုံး အလင်းဝင်ဖို့ ဒီနေရာကနေ ဖိတ်ခေါ်ချင်ပါတယ်။

**သတင်းစဉ်**

# နိုင်ငံသားစိစစ်ရေးကတ်မရှိသူများကို ဆောင်ရွက်ပေးလျက်ရှိ

**အမရပူရ မေ ၁၅**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၊ အမရပူရမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန အမရပူရမြို့နယ် ဦးစီးမှူးရုံးတွင် ယနေ့နံနက် ၁၀ နာရီက ရက်(၁၀၀)လမင်းစီမံချက်ဖြင့် အသက်(၁၈)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်မရှိသူများကို မြို့နယ်ဦးစီးမှူးရုံးသို့ ဖိတ်ခေါ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယနေ့ ဆောင်ရွက်နေမှုကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းဦး၊ အမရပူရခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးတင်ကိုလင်းနှင့်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ၊ မန္တလေးတိုင်းဒေသကြီးလူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဦးစိုးလွင်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ တက်ရောက်ခဲ့ကြပြီး နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များကို ပြည်သူ့လက်ဝယ်အရောက်ပေးအပ်ခဲ့ကြောင်း အမရပူရမြို့နယ်လဝကဦးစီးမှူး ဦးထင်အောင်ထံမှသိရသည်။

အဆိုပါရက်(၁၀၀) လမင်းစီမံချက်ဖြင့် ကျေးရွာ၊ ရပ်ကွက်များကို မြို့နယ်ဦးစီးမှူးရုံးသို့ ဇူလိုင်လကုန်အထိ ဖိတ်ခေါ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**စိုးသီဟ(အမရ)**

၀-၀-၀-၀-၀

# မက်မန်းမြို့နယ်အတွင်းရှိ သံလွင်မြစ်အနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများကျူးလွန်ပြီး ထွက်ပြေးတိမ်းရှောင်နေသည့် တရားမဝင် တရုတ်နိုင်ငံသား ခုနစ်ဦးကို ထပ်မံဖမ်းဆီးရမိ

နေပြည်တော် မေ ၁၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) မက်မန်းမြို့နယ်အတွင်းရှိ သံလွင်မြစ်အရှေ့ဘက်ကမ်းတစ်လျှောက်၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်နေကြောင်းနှင့် တရားမဝင် ပြည်ပနိုင်ငံသားများလည်း ရှိနေကြောင်း သတင်းများအရ ဌာနဆိုင်ရာ တာဝန်ရှိသူများပါဝင်သော ပူးပေါင်းအဖွဲ့များက ရှာဖွေစစ်ဆေးမှုများကို အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင်လည်း အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများလုပ်ကိုင်ပြီး ထွက်ပြေးတိမ်းရှောင်နေသည့် တရုတ်နိုင်ငံသား ခုနစ်ဦးကို ထပ်မံဖမ်းဆီးရမိခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လိုအပ်သည့်ရှာဖွေစစ်ဆေးမှုများ ဆက်လက်လုပ်ဆောင်စဉ် မက်မန်းမြို့၏အနောက်တောင်ဘက် ၄၅ကီလိုမီတာခန့်အကွာရှိ သံလွင်မြစ်အနီးတစ်ဝိုက်၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်ပြီး ထွက်ပြေးတိမ်းရှောင်နေသည့် တရားမဝင် တရုတ်နိုင်ငံသား တစ်ဦးကို ယနေ့ မွန်းလွဲ ၂ နာရီ ၄၅ မိနစ်ခန့်တွင်လည်းကောင်း၊ ထပ်မံ၍ တရားမဝင် တရုတ်နိုင်ငံသား တစ်ဦးကို မွန်းလွဲ ၃ နာရီ ၁၀ မိနစ်ခန့်တွင်လည်းကောင်း၊ တရားမဝင် တရုတ်နိုင်ငံသား ငါးဦးကို မွန်းလွဲ ၃ နာရီ ၃၀ မိနစ်ခန့်တွင်လည်းကောင်း အသီးသီးဖမ်းဆီးရမိခဲ့ရာ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ပြီး ထွက်ပြေးတိမ်းရှောင်နေသည့် စုစုပေါင်း တရားမဝင် တရုတ်နိုင်ငံသား ခုနစ်ဦးကိုတွေ့ရှိဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။




ရှမ်းပြည်နယ်(မြောက်ပိုင်း) မက်မန်းမြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ပြီး ထွက်ပြေးတိမ်းရှောင်နေသည့် တရားမဝင် တရုတ်နိုင်ငံသားများကို ဖမ်းဆီးရမိသည့် နေရာပြပုံ။

အဆိုပါ ဖမ်းဆီးရမိသူများအား ဥပဒေနှင့်အညီ ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် နောက်ကွယ်မှ ပါဝင်ပတ်သက်သူများကိုလည်း စိစစ်ဖော်ထုတ်ကာ တရားဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံအစိုးရအနေဖြင့် နိုင်ငံတကာနှင့် တစ်ကမ္ဘာလုံးကိုအန္တရာယ်ပေးနေသည့် အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက် ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ တက်ကြွစွာ ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် အကြောင်းအမျိုးမျိုးကြောင့် မြန်မာနိုင်ငံအတွင်းသို့ ရောက်ရှိနေပြီး အွန်လိုင်းလိမ်လည်လောင်းကစားမှုတွင် တစ်နည်းနည်းဖြင့် ပါဝင်ပတ်သက်နေသည့် ပြည်ပနိုင်ငံသားများကိုလည်း တရားဥပဒေနှင့်အညီ စစ်ဆေးကာ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးခြင်းများ၊ အဓိကပြစ်မှုကျူးလွန်ခဲ့သူများကိုလည်း ဖမ်းဆီးထိန်းသိမ်းပြီး သက်ဆိုင်ရာအစိုးရအဖွဲ့ထံ တရားဝင်လွှဲပြောင်းပေးခြင်းများနှင့် တရားဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်




အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် ပါဝင်ပတ်သက်ခဲ့သည့် တရုတ်နိုင်ငံသား နှစ်ဦးကို တွေ့ရစဉ်။



အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် ပါဝင်ပတ်သက်ခဲ့သည့် တရုတ်နိုင်ငံသား ငါးဦးကို တွေ့ရစဉ်။

## မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေထုတ်ချေး

**ရမည်းသင်း မေ ၁၅**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ရမည်းသင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ရက်(၁၀၀)စီမံချက်ဖြင့် ကုန်းသာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့မွန်းလွဲပိုင်းက ကုန်းသာကျေးရွာ၌ ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ရမည်းသင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကိုကျေးလက်နေပြည်သူများ ဆင်းရဲမှုလျှော့ချစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ အခြားမိသားစုဝင်ငွေတိုးပွားလာစေရေး လုပ်ငန်းများဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် မြစိမ်းရောင် စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေဖြင့် လုပ်ငန်းများကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။



ထို့နောက်ရမည်းသင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန့်ဇင်အောင်နှင့် ဝန်ထမ်းများက ကုန်းသာကျေးရွာမြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၇ဦးကို ငွေကျပ် ၂၅ ဒသမ ၈၀သန်းနှင့် မွေးမြူရေး လုပ်ငန်းလုပ်ကိုင်သူ ခြောက်ဦးကို ငွေကျပ် ၃ ဒသမ ၆၀သန်း အသင်းသား၊ အသင်းသူ စုစုပေါင်း ၅၃ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံ ငွေကျပ် ၂ ဒသမ ၄၀သန်းကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးခဲ့ကြောင်း ရမည်းသင်းခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူးဦးဝင်းမြတ်သိန်းက ပြောပြ၍ သိရသည်။

အောင်ရဲကျော်

၀-၀-၀-၀

၀-၀-၀-၀-၀

## မိုးရာသီ စိုက်ပျိုးစရိတ်များ စတင်ထုတ်ချေး

**အမရပူရ မေ ၁၅**

အမရပူရမြို့နယ်၌ ရက်(၁၀၀)စီမံချက်ဖြင့် မန္တလေးတိုင်းဒေသကြီး အမရပူရခရိုင် အမရပူရမြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ၌ မေ ၁၄ ရက်နံနက် ၁၀ နာရီက ၂၀၂၆ မိုးရာသီစိုက်ပျိုးစရိတ်ထုတ်ချေးငွေပေးအပ်ပွဲ အခမ်းအနား ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်ဘဏ်ခွဲမန်နေဂျာ ဒေါ်ဝေမာက မြို့နယ်အတွင်း ချေးငွေကြွေးကျန်များ ပြေကျေစွာကောက်ခံရရှိရေးနှင့် ပြေကျေသည့်တောင်သူများအား ချေးငွေသစ်များ ပြန်လည်ထုတ်ချေးပေးခြင်းကိစ္စရပ်များနှင့် စည်းမျဉ်းစည်းကမ်းများ၊ အတိုးနှုန်းများ၊ ငွေချေးတောင်သူများ သီးနှံအာမခံထားရှိနိုင်ရေးနှင့် ဘဏ်လုပ်ငန်းဆိုင်ရာများကို အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့သည်။ ထို့နောက် ၂၀၂၆ ခုနှစ် မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေကို ကျေးရွာအုပ်စု(၆)အုပ်စု၊ တောင်သူဦးရေ ၆၁ ဦး မိုးစပါးစိုက် ဧက ၃၀၆ ဧကအတွက် ချေးငွေ ၉၁၈ ဒသမ ၀၀ သိန်းကို ထုတ်ချေးနိုင်ခဲ့ကြောင်း သိရသည်။

စိုးသီဟ(အမရ)

၀-၀-၀

၀-၀-၀-၀-၀

၀-၀-၀-၀-၀-၀

**ပန်းမန်သစ်ပင် လေသန့်စင်၍ ဥယျာဉ်တောတန်း စိတ်ရွှင်လန်း၏။**

# ဂျပန်ဝန်ကြီးချုပ် တာကိုင်ချီ ဆာနေး တောင်ကိုရီးယားနိုင်ငံသို့ သွားရောက်မည်

တိုကျို မေ ၁၅

ဂျပန်ဝန်ကြီးချုပ် တာကိုင်ချီ ဆာနေးက တောင်ကိုရီးယားနိုင်ငံသို့ လာမည့် သီတင်းပတ်တွင် သွားရောက်ကာ သမ္မတ လီဂျေမြောင်နှင့် တွေ့ဆုံမည်ဖြစ်ကြောင်း သိရသည်။

ဆာနေး၏ တောင်ကိုရီးယားနိုင်ငံ ခရီးစဉ်သည် နှစ်ရက်ခန့်ကြာမြင့်မည်ဖြစ်ပြီး သမ္မတ လီဂျေမြောင်၏ မွေးရပ်မြေဖြစ်သည့် အန်ဒေါင်းမြို့သို့ စတင်သွားရောက်မည်ဖြစ်ကြောင်း တောင်ကိုရီးယားသမ္မတရုံးက ယနေ့ ကြေညာခဲ့သည်။

ခေါင်းဆောင်များက စီးပွားရေးနှင့် အများပြည်သူ ဘေးကင်းရေးတို့ ကဲ့သို့သော နေ့စဉ်လူနေမှုဘဝအပေါ် တိုက်ရိုက်သက်ရောက်မှုရှိသော နယ်ပယ်အသီးသီးတွင် ပူးပေါင်းဆောင်ရွက်မှုကို အားကောင်းစေမည့် နည်းလမ်းများကို ဆွေးနွေးမည်ဖြစ်ကြောင်း အဆိုပါရုံးမှ ပြောကြားခဲ့သည်။

ထို့ပြင် အရှေ့အလယ်ပိုင်းအခြေအနေအပါအဝင် နိုင်ငံတကာစိန်ခေါ်မှုများကိုလည်း ခေါင်းဆောင်နှစ်ဦးက ဆွေးနွေးကြဖွယ်ရှိသည်။

အဆိုပါခရီးစဉ်သည် နှစ်နိုင်ငံခေါင်းဆောင်များ၏ ဒုတိယအကြိမ်မြောက် ထိပ်သီးဆွေးနွေးပွဲ ဖြစ်လာမည်ဖြစ်သည်။ ဇန်နဝါရီလအတွင်းက လီသည် ဂျပန်နိုင်ငံအနောက်ပိုင်း နာရာစီရင်စုရှိ ဂျပန်ဝန်ကြီးချုပ် တာကိုင်ချီ ဆာနေး၏ မွေးရပ်မြေသို့ သွားရောက်ခဲ့သည်။

ခေါင်းဆောင်နှစ်ဦး၏ အပြန်အလှန်ခရီးစဉ်များက နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေး ပိုမိုနက်ရှိုင်းလာစေရန်နှင့် အနာဂတ်ကိုဦးတည်သော ဖွံ့ဖြိုးတိုးတက်မှုအခြေခံအုတ်မြစ်ကို ခိုင်မာစေမည့် အခွင့်အလမ်းတစ်ခု ဖြစ်ကြောင်း တောင်ကိုရီးယားသမ္မတရုံးက ပြောကြားသည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်



# အာဖရိကအပေါ် အခွန်ကင်းလွတ်ခွင့် တိုးမြှင့်ကျင့်သုံးခြင်းအားဖြင့် တရုတ်ပို့ကုန်တင်ပို့မှု သိသိသာသာ မြှင့်တင်ရာရောက်မည်ဖြစ်



ပေကျင်း မေ ၁၅

အာဖရိကကုန်ပစ္စည်းများအပေါ် တရုတ်နိုင်ငံက အခွန်ကင်းလွတ်ခွင့်မူဝါဒကို တိုးမြှင့်ကျင့်သုံးလိုက်ခြင်းအားဖြင့် အာဖရိကတိုက်မှ ကမ္ဘာ့ဒုတိယအကြီးဆုံး စီးပွားရေးနိုင်ငံဖြစ်သော တရုတ်နိုင်ငံသို့ ပို့ကုန်တင်ပို့မှုကို သိသိသာသာ မြှင့်တင်ရာရောက်မည်ဖြစ်ပြီး အာဖရိကနိုင်ငံများ၏ စီးပွားရေးကဏ္ဍတွင် ပို့ကုန်အမျိုးအစား စုံလင်လာစေရန်နှင့် တန်ဖိုးမြှင့်ထုတ်ကုန်ကွင်းဆက်သို့ တက်လှမ်းနိုင်ရန် အထောက်အကူပြုလိမ့်မည်ဟု စီးပွားရေးပညာရှင်များနှင့် နိုင်ငံခြားကုန်သွယ်မှုကုမ္ပဏီများက ပြောကြားကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

မေ ၁ ရက်မှစတင်၍ တရုတ်နိုင်ငံသည် မိမိနှင့်သံတမန်ဆက်သွယ်ရေးရှိသော အာဖရိကနိုင်ငံအားလုံးကို အခွန်ကင်းလွတ်ခွင့် အကျိုးခံစားခွင့် ပေးအပ်ခဲ့ပြီး ၎င်းသည် အာဖရိကမိတ်ဖက်နိုင်ငံများအတွက် တစ်ဖက်သတ်အပြည့်အဝအခွန်ကင်းလွတ်ခွင့်ကို ပထမဆုံးပေးအပ်သည့် အဓိကစီးပွားရေးအင်အားကြီးနိုင်ငံဖြစ်လာသည်။

နိုင်ငံတော်ကောင်စီ၏ အကောက်ခွန်နှုန်းထား ကော်မရှင်၏ ထုတ်ပြန်ချက်အရ ယခုလုပ်ဆောင်ချက်အသစ်အောက်တွင် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများစာရင်း၌ မပါဝင်သည့် အာဖရိက ၂၀ နိုင်ငံမှတင်သွင်းသော ကုန်ပစ္စည်းများကို ၂၀၂၆ ခုနှစ် မေ ၁ ရက်မှ ၂၀၂၈ ခုနှစ် ဧပြီ ၃၀ ရက်အထိ အထူးအခွန်ကင်းလွတ်ခွင့် ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **Mon**




# ဂါဇာကမ်းမြောင် ငြိမ်းချမ်းရေးဘုတ်အဖွဲ့က အစ္စရေးနှင့် ဟားမတ်စ်တို့ ရရှိထားသည့် ငြိမ်းချမ်းရေးအစီအစဉ်ကို မြှင့်တင်ရန် ဆက်လက်ဆွေးနွေးမည်

ဂါဇာစီးတီး မေ ၁၅

ဂါဇာကမ်းမြောင် ငြိမ်းချမ်းရေးဘုတ်အဖွဲ့က အစ္စရေးနှင့် ဟားမတ်စ်တို့ ရရှိထားသည့် ငြိမ်းချမ်းရေးအစီအစဉ်ကို မြှင့်တင်ရန် ဆက်လက်ဆွေးနွေးသွားမည်ဖြစ်ကြောင်း ငြိမ်းချမ်းရေးဘုတ်အဖွဲ့ အဆင့်မြင့်ကိုယ်စားလှယ် နစ်ကိုလေမယ်ဒီနိုဗ်က ပြောကြားခဲ့သည်။

အစ္စရေးနှင့် အစ္စလာမ္မစ်အဖွဲ့တို့အကြား အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်သည် အမေရိကန်ဦးဆောင်သည့် ငြိမ်းချမ်းရေးအစီအစဉ်ကို အခြေခံ၍ ယမန်နှစ် အောက်တိုဘာလတွင် စတင်အသက်ဝင်ခဲ့သည်။ သို့သော် အစ္စရေးတပ်ဖွဲ့များ၏ ကြိုကြားကြိုကြားတိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားနေခဲ့သည်။ သဘောတူညီချက် စတင်အသက်ဝင်ကတည်းက လူပေါင်း ၈၅၀ ကျော် သေဆုံးခဲ့ကြောင်း ဂါဇာကမ်းမြောင်ရှိ ကျန်းမာရေးအာဏာပိုင်များက ပြောကြားခဲ့သည်။

အစ္စရေးက သဘောတူညီချက်ကို အကြိမ်ကြိမ်ချိုးဖောက်ပြီး ဂါဇာကမ်းမြောင်သို့ ထောက်ပံ့ရေးပစ္စည်းများ ပို့ဆောင်ခြင်းဆိုင်ရာ ကန့်သတ်ချက်များရှိနေသည့်အတွက် အပစ်အခတ်ရပ်စဲရေးသဘောတူညီမှုသည် ပိုမိုဝေးကွာလျက်ရှိလာကြောင်းနှင့် အရပ်သားများ အသတ်ခံနေရဆဲဖြစ်ကြောင်း ငြိမ်းချမ်းရေးဘုတ်အဖွဲ့ အဆင့်မြင့်ကိုယ်စားလှယ် နစ်ကိုလေမယ်ဒီနိုဗ်က ဂျေရုဆလင်မြို့တော်၌ ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားခဲ့သည်။

ဂါဇာကမ်းမြောင် ငြိမ်းချမ်းရေးဘုတ်အဖွဲ့က ဂါဇာ၏ အသွင်ကူးပြောင်းရေးအုပ်ချုပ်မှုကို ကြီးကြပ်လျက်ရှိသည်။ ငြိမ်းချမ်းရေးဘုတ်အဖွဲ့သည် သဘောတူညီချက်ပါ လိုအပ်ချက်များကို အပြည့်အဝ အကောင်အထည်ဖော်ရေးအတွက် အစ္စရေးနှင့် အဆက်မပြတ်ဆွေးနွေးနေကြောင်းလည်း ၎င်းက ပြောကြားခဲ့သည်။

ဟားမတ်စ်အဖွဲ့၏ လက်နက်ဖြုတ်သိမ်းရေးအတွက် ဟားမတ်စ်အဖွဲ့တာဝန်ရှိသူများနှင့် ဆက်လက်ဆွေးနွေးသွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

လက်ရှိအချိန်အထိ ဟားမတ်စ်၏ လက်နက်ဖျက်သိမ်းရေးနှင့် အစ္စရေးတပ်ဖွဲ့ ဂါဇာကမ်းမြောင်မှ ဆုတ်ခွာရေးတွင် သိသာထင်ရှားသော တိုးတက်ပြောင်းလဲမှု မရှိသေးပေ။ ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အောင်ကျော်ကျော်

# သမိုင်းမတင်မီခေတ် ဧရာမလည်ပင်းရှည်ဒိုင်နိုဆော မျိုးစိတ်သစ်ကို ထိုင်းနိုင်ငံတွင် တူးဖော်တွေ့ရှိသည့် ရုပ်ကြွင်းများမှတစ်ဆင့်ဖော်ထုတ်

ဘန်ကောက် မေ ၁၅

ထိုင်းနိုင်ငံတွင် တူးဖော်တွေ့ရှိခဲ့သည့် ရုပ်ကြွင်းများမှတစ်ဆင့် သမိုင်းမတင်မီခေတ် ဧရာမလည်ပင်းရှည်ဒိုင်နိုဆော မျိုးစိတ်သစ်တစ်ခုကို သိပ္ပံပညာရှင်များက ဖော်ထုတ်နိုင်ခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အရှေ့တောင်အာရှဒေသတွင် အကြီးဆုံးအဖြစ် စံချိန်တင်တွေ့ရှိရသည့် အဆိုပါ နဂါးတိုက်တန်ဒိုင်နိုဆောသည် အရွယ်ရောက်ပြီးသား အာရှဆင်ကိုးကောင်၏ အလေးချိန်နှင့်ညီမျှသော ၂၇ တန်အလေးချိန်ရှိပြီး အလျား ၂၇ မီတာ (၈၈ ပေ) ရှည်လျားသောကြောင့် ဒီပလိုဒိုးကပ်စ် ဒိုင်နိုဆောထက်ပင် ပိုမိုကြီးမားသည်။ ထိုဒိုင်နိုဆောကဲ့သို့ပင် ၎င်းသည် ဆော်ရိုပေါ့ဒ် မျိုးနွယ်စုဝင် လည်ပင်းရှည် အပင်စားသတ္တဝါတစ်မျိုး ဖြစ်သည်။

လွန်ခဲ့သော ဆယ်စုနှစ်တစ်ခုက ထိုင်းနိုင်ငံ အရှေ့မြောက်ပိုင်းရှိ ရေကန်တစ်ခုအနီးတွင် တွေ့ရှိခဲ့သည့် ကျောက်ဖြစ်ရုပ်ကြွင်းများကို အခြေခံ၍ ဗြိတိန်နှင့် ထိုင်းနိုင်ငံတို့မှ သုတေသီအဖွဲ့တစ်ဖွဲ့က ယခုကဲ့သို့ မျိုးစိတ်သစ်အဖြစ် ခွဲခြားသတ်မှတ်နိုင်ခဲ့ခြင်း ဖြစ်သည်။

ရှေးဟောင်းရာသီဥတု အခြေအနေပြောင်းလဲမှုများကြောင့် ယခုကဲ့သို့ ဧရာမဒိုင်နိုဆောကြီးများ မည်သို့ဖွံ့ဖြိုးလာပုံကို ယခုရှာဖွေတွေ့ရှိမှုက ပိုမိုရှင်းလင်းစွာ သိရှိစေနိုင်ကြောင်း သိရသည်။ **Mon**





# အိန္ဒိယနိုင်ငံမြောက်ပိုင်း ဥတ္တရာပရာဒက်ရှ်ပြည်နယ်အတွင်း မုန်တိုင်းများ တိုက်ခတ်၊ အနည်းဆုံး လူ ၁၁၁ ဦး သေဆုံး

ဒေလီ မေ ၁၅

ယခင်သီတင်းပတ်အတွင်း အိန္ဒိယနိုင်ငံမြောက်ပိုင်း ဥတ္တရာပရာဒက်ရှ်ပြည်နယ်အတွင်းသို့ ပြင်းထန်သောမုန်တိုင်းများ တိုက်ခတ်ခဲ့မှုကြောင့် အနည်းဆုံး လူ ၁၁၁ ဦး သေဆုံးခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

မေ ၁၃ ရက်က အဆိုပါပြည်နယ်အတွင်းသို့ လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြိုးပစ်ခြင်းနှင့် မိုးသည်းထန်စွာရွာသွန်းခြင်းများ ဖြစ်ပွားခဲ့ပြီး အဆောက်အအုံများမှ သွပ်မိုးများ လွင့်စင်ကာ သစ်ပင်များလဲပြို၍ လမ်းများပိတ်ဆို့နေသည်ကို ရုပ်သံလိုင်းများက ထုတ်လွှင့်ပြသသည်။

လူဦးရေ သန်း ၂၄၀ ကျော်နေထိုင်ရာ ဥတ္တရာပရာဒက်ရှ်ပြည်နယ်သည် မုတ်သုံမိုးမရွာသွန်းမီ နွေရာသီလများအတွင်း မုန်တိုင်းဒဏ်ကို မကြာခဏ ခံရလေ့ရှိပြီး မိုးကြိုးပစ်ခြင်းသည်လည်း လူသေဆုံးရသည့် ပုံမှန်အကြောင်းရင်းတစ်ခု ဖြစ်သည်။

မေ ၁၃ ရက်တွင် လူ ၈၉ ဦး သေဆုံးကာ ၇၂ ဦး ဒဏ်ရာရရှိပြီး လူနေအိမ် ၂၀၀ ကျော် ပျက်စီးခဲ့သည်ဟု ပြည်နယ်ကယ်ဆယ်ရေးအရာရှိဖြစ်သည့် ကယ်ဆယ်ရေးကော်မရှင်နာရုံးက အစပိုင်းတွင် သတင်းထုတ်ပြန်ကြောင်း သိရသည်။ **Mon**

STOP AIDS

## မင်းဘူးမြို့၌ လုပ်ငန်းခွင်မီးဘေးလုံခြုံရေး တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး

**မင်းဘူး မေ ၁၅**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူးမြို့၌ လုပ်ငန်းခွင် မီးဘေးလုံခြုံရေးနှင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ သိရှိလိုက်နာဆောင်ရွက်နိုင်စေရန် တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများက မေ ၁၄ ရက် နေ့လယ်ပိုင်းက မင်းဘူးမြို့ပေါ်ရှိ ဆိုင်များ၌ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့သည်။ **(အောက်ပုံ)**

ထိုသို့ ဆောင်ရွက်ရာတွင် ခရိုင်မီးသတ်ဦးစီးမှူး ဦးထွန်းထွန်းဦးဆောင်၍ တိုင်းဒေသကြီးမီးသတ်ဦးစီးဌာနမှ အင်ဂျင်နီယာမီးသတ်တပ်ဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်မီးသတ်ဦးစီးဌာနမှ သန္နေမီးသတ်တပ်ဖွဲ့ဝင်များက မြို့ပေါ်ရပ်ကွက်ရှိဆိုင်များနှင့် Three Kings ကာရာအိုကေဆိုင်တို့တွင် မီးဘေးလုံခြုံရေးနှင့် မီးဘေးအန္တရာယ်ကင်းဝေးစေရေးနှင့် Fire Safety Certificate (FSC) သက်တမ်းတိုးလိုင်စင်ရရှိရေး မြန်မာနိုင်ငံ မီးသတ်ဦးစီးဌာန၏ ထုတ်ပြန်ချက်များနှင့်အညီ ဆိုင်လုပ်ငန်းရှင်များ အနေဖြင့် သိရှိလိုက်နာ ဆောင်ရွက်နိုင်စေရေးလုပ်ဆောင်ရမည့် အချက်များ၊ ဆောင်ရန်၊ ရှောင်ရန် အချက်များ၊ လုပ်ငန်းခွင်၊



ဆိုင်ခန်းများနှင့် လူနေဆောင်များ၌ မီးသတ်ဆေးဘူးများ အရန်သင့် ချိတ်ဆွဲထားရှိရေး၊ ဟောင်းနွမ်းသော မီးသတ်ဆေးဘူးများ အသစ်လဲလှယ်ထားရှိရေး၊လျှပ်စစ်မီးလိုင်း၊ မီးခုံ၊ မီးပလတ်၊ မီးဘရေကာများနှင့် အီလက်ထရောနစ် ဆက်စပ်ပစ္စည်းများ စနစ်တကျ သွယ်တန်းတပ်ဆင်သုံးစွဲရေး၊ အရေးပေါ်ထွက်ပေါက်၊ အရေးပေါ် အချက်ပြမီး Fire Alarm များ ကြံ့ခိုင်ကောင်းမွန်ရေးနှင့် အချက်ပြမီးများ Auto လည်ပတ်ဆောင်ရွက်နိုင်ရေး၊ မီးသတ်ရေပိုက်လိုင်းများ၊ ရေမော်တာများနှင့် အပေါ့စား မီးငြိမ်းသတ်စက်များ ကြံ့ခိုင်ကောင်းမွန်ရေး၊ ရေလှောင်ကန်၊ ရေစုကန်နှင့် အမြင့်တင်ရေစင်များ၌ အရေးပေါ်ရေများ အရန်သင့်စုဆောင်းထားရှိရေး လုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးပြီး လိုအပ်သည်များ ဆွေးနွေးမှာကြား ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (၅၀၀)



## တရားမဝင်သစ်များ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၁၅**

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးကို ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြု စောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System-CMRS)အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ မေ ၄ ရက်မှ ၁၀ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင် ကျွန်း ၆၇ ဒသမ ၉၇၅၀ တန်၊ သစ်မာ ၁ ဒသမ ၀၂၇၈ တန်၊ အခြား ၄၉ ဒသမ ၃၃၈၂ တန် စုစုပေါင်း ၁၁၈ ဒသမ ၃၄၁၀ တန်၊ ယာဉ်၊ ယန္တရားငါးစီး၊ ပြစ်မှုကျူးလွန်သူကိုးဦး ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံသစ်တောဦးစီးဌာနမှ သိရသည်။

**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## လောင်းကစားပြုလုပ်သူများအား ဖမ်းဆီးအရေးယူ

**ပဲခူး မေ ၁၅**

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ သာယာဝတီမြို့နယ်နှင့် မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်တို့၌ လောင်းကစားပြုလုပ်သူများအား ဖမ်းဆီးအရေးယူထားသည်။



ဖြစ်စဉ်မှာ မေ ၁၁ ရက် နံနက် ၁၀ နာရီခွဲတွင် ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ ဥသျှောမြို့သစ်(၃)ရပ်ကွက်ရှိ ဗထူးဈေးအတွင်း၌ နှစ်လုံး၊ သုံးလုံးထီ လောင်းကစားပြုလုပ်နေကြောင်း သတင်းအရ ပဲခူးခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါဈေးအတွင်းရှိ ဆိုင်ခန်းတစ်ခန်းအတွင်း နှစ်လုံး၊ သုံးလုံးထီ လောင်းကစားပြုလုပ်နေသော ဥသျှောမြို့သစ်(၆)ရပ်ကွက်နေ ဒေါ်သီတာအေး(ခ)မဒုံ(၄၀)နှစ်၊ ဥသျှောမြို့သစ်(၃)ရပ်ကွက်နေ နှင်းသက်ဖြူ(၂၈)နှစ်၊အောင်ကျော်ကျော်ဘို(၂၀)နှစ်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နေ အေးမင်းထွန်း(၄၂)နှစ်ဆိုသူတို့အား နှစ်လုံး၊ သုံးလုံးထီ လောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊လောင်းကြေးငွေများနှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့ လေးဦးကို ပဲခူးမြို့နယ်၊ အမှတ်(၃)နယ်မြေရဲစခန်းတွင် လည်းကောင်း။

အလားတူ မွန်းလွဲ ၁၂ နာရီခွဲတွင် ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့နယ်၊ ဓိုးပွဲကျေးရွာနေ မထွန်းရတနာသက်(၂၀)နှစ်ဆိုသူ၏ နေအိမ်၌ သုံးလုံးထီ လောင်းကစားပြုလုပ်နေကြောင်း သတင်းအရ စံရွှေနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါ နေအိမ်တွင် မထွန်းရတနာသက်အား သုံးလုံးထီ လောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများနှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် ထွန်းရတနာသက်အား စံရွှေနယ်မြေ ရဲစခန်းတွင်လည်းကောင်း။

ထို့အတူ ညနေ ၆ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်၊ မကျီးလေးပင်ကျေးရွာနှင့် မကျီးစုကျေးရွာ ချင်းဆက် မြေသားလမ်းပေါ်တွင် လောင်းကစားပြုလုပ်နေကြောင်း သတင်းအရ ရမည်းသင်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ ဆရာစံရပ်ကွက်နေ ကျော်ငွေ(၆၃)နှစ်နှင့် ရမည်းသင်းမြို့နယ်၊ ဓိုးဖြူကုန်းကျေးရွာနေ ကျော်ဇင်ဝင်း(ခ)ဖိုးကုတ်(၃၆)နှစ်ဆိုသူတို့ နှစ်ဦးအား ခြောက်ကောင်ဂျင် လောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊လောင်းကြေးငွေများနှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့နှစ်ဦးအား ရမည်းသင်းမြို့မရဲစခန်းက ဥပဒေအရ အသီးသီးအမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

၀-၀-၀-၀-၀

၀-၀-၀-၀



## မိုးကုတ်မြို့တွင် ငွေကျပ် ၁၃၉၅ သိန်း တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၁၅**

မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် သတင်းအရ သက်သေများနှင့်အတူ မေ ၁၃ ရက် နံနက် ၆ နာရီတွင် မိုးကုတ်မြို့၊ အုံးပင်ရေထွက်ရပ်နေ ဝေါတာ(ခ)ဗျာဆီးနှင့် မချစ်လု(ခ)အာဂူမီးဆိုသူတို့၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ နေအိမ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၉၃၀၀၀ ပြားနှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ဝေါတာ(ခ)ဗျာဆီး(၄၅)နှစ်နှင့် မချစ်လု(ခ)အာဂူမီး(၂၇)နှစ်ဆိုသူတို့အား မိုးကုတ်မြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များ ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## လားရှိုးမြို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**လားရှိုး မေ ၁၅**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၁၃ ရက် ည ၇ နာရီခွဲတွင် သတင်းအရ သက်သေများနှင့်အတူ လားရှိုးမြို့၊ ရပ်ကွက် (၈)၊လားရှိုး-သိန္နီသွားကားလမ်းတွင် ရန်ပိန်းချိမ့်ဆိုသူ မောင်းနှင်လာသည့် TOYOTA CROWN အမျိုးအစား မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၆၀,၀၀၀ ပြားနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ရန်ပိန်းချိမ့်(၂၆)နှစ်ဆိုသူအား လားရှိုးမြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များ ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။



**(ဝဲပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

၀-၀-၀-၀-၀

# ရေအားမှ သန့်စင်သော လျှပ်စစ်စွမ်းအင်သို့ ပြောင်းလဲခြင်း(၂)

**ရေလှောင်တမံ**

ရေလှောင်တမံသည် မြစ်၊ ချောင်းကို ပိတ်ပြီး လိုအပ်သောရေအမြင့် ရနိုင်စေရန် ပြုလုပ်ထားသည်။ တမံအား မြေသား၊ ကျောက်ဖြည့်မြေသား၊ ကွန်ကရစ်တို့ဖြင့်ဆောက်လုပ်သည်။ ရေများလာသောအခါ ရေထုတ်ပစ်ရန် ရေပိုလွှဲ၊ ရေတံခါးများ၊ နုန်းများစုပုံလာပါက ထုတ်ပစ်ရန် နုန်းထုတ်ပေါက်များ၊ ရေလွှဲဥမင်များ ပါဝင်သည်။ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရန်အတွက် ရေယူဥမင်ပါဝင်သည်။

**ရေယူအဆောက်အအုံများ**

တမံရေဝင်ပေါက်မှ ဝင်လာသောရေသည် ရေယူဥမင်နှင့်တစ်ဆက်တည်းရှိသော သံမဏိပိုက်လိုင်းမှတစ်ဆင့် ဓာတ်အားပေးစက်ရုံထဲရောက်လာပြီး တာဘိုင်ဟုခေါ်သည့် ဘီးများကိုလည်ပတ်စေသည်။

**ဓာတ်အားပေးစက်များ**

တာဘိုင်များသည် ဓာတ်အားပေးစက်၏ ရိုတာနှင့် ဝင်ရိုးတစ်ဆက်တည်း တပ်ဆင်ထားသည်။ တာဘိုင်များလည်သောအခါ ရိုတာလည်ပြီး စတေတာအခွေမှ ဓာတ်အားထွက်ရှိလာသည်။ ဓာတ်အားထွက်ရှိရန်အတွက် ရိုတာပေါ်ရှိ ဝါယာခွေများအား တိုက်ရိုက်လျှပ်စီး(ဒီစီ)ထည့်ပေးရသည်။ သံလိုက်စက်ကွင်းဖန်တီးရန်ဖြစ်သည်။ ယင်းကိုဆွခြင်း(Excitation) ဟု ခေါ်သည်။ စက်ငယ်များတွင် အမြဲတမ်းသံလိုက်ကို အသုံးပြုသည်ဖြစ်ရာ သံလိုက်စက်ကွင်းဖန်တီးရန် မလိုပေ။ ဓာတ်အားပေးစက်ကြီးများတွင်သာ လိုအပ်သည်။ လျှပ်စစ်သဘောတရားအရ သံလိုက်စက်ကွင်းအတွင်းတွင် ဝါယာခွေတစ်ခု လှုပ်ရှားနေပါက အေစီဓာတ်အား (ပြန်လှန်လျှပ်စစ်) ထွက်ပေါ်သည်။ ဓာတ်အားပေးစက်တွင်လည်း သံလိုက်စက်ကွင်းအတွင်းတွင် ရိုတာဝါယာခွေလည်နေသည်ဖြစ်ရာ စတေတာမှ ဓာတ်အားထွက်ပေါ်လာသည်။ ထွက်ပေါ်လာသော ဓာတ်အားကို အဝေးပို့နိုင်ရန်အတွက် လျှပ်တာပြောင်း (Transformer) များဖြင့် ဗို့အားအမြင့်စားအဖြစ် ဖန်တီး၍ ဓာတ်အားသုံးစွဲမည့် မြို့များသို့ ပို့လွှတ်သည်။ (ဗို့အားနိမ့်ဖြင့် ပို့လွှတ်ပါက လေလွင့်မှုများလွန်းသည်။) ၎င်းမြို့များရောက်မှ ဓာတ်အားခွဲရုံများတွင် ဗို့အားနိမ့်ချပြီး အသုံးပြုကြသည်။ တာဘိုင်မှ ထွက်လာသောရေသည် ဆွဲပြွန်(Draft tube)မှတစ်ဆင့် စက်ထွက်(Tailrace)သို့ ရောက်သည်။ ထိုမှသည် မြစ်၊ ချောင်းထဲ ပြန်စီးဝင်သွားသည်။

**ရေအားလျှပ်စစ်စီမံကိန်းကြီးများ**

မြင့်မားသော စွမ်းအင်များပါဝင်သော မြစ်များသည် မိုင်ထောင်ပေါင်းများစွာ စီးဆင်းသည်။ သဘာဝရေစွမ်းအင်ကို လျှပ်စစ်စွမ်းအင်အဖြစ် ဖွံ့ဖြိုးတိုးတက်အောင် အသုံးချခြင်းကို ရေအားလျှပ်စစ်ဟု ခေါ်ခြင်းဖြစ်သည်။ ဟိုက်ဒရောလစ်စွမ်းအင်ဖြင့် ဖွဲ့စည်းထားသည့် အခြေခံဒြပ်စင်နှစ်ခုမှာ စီးဆင်းမှုနှင့် ဦးခေါင်းဖြစ်သည်။ မြစ်၏စီးဆင်းမှုကို အဆုံးအဖြတ်ပေးပြီး မြစ်၏ရေကို တိုက်ရိုက်အသုံးပြုသည့် အရွေ့စွမ်းအင် အသုံးချမှုနှုန်းမှာ အလွန်နည်းပါးနေမည်ဖြစ်သောကြောင့် မြစ်၏ အပိုင်းတစ်ခုလုံးကို ရေတာဘိုင်များဖြင့် ဖြည့်ရန် မဖြစ်နိုင်သောကြောင့် ဖြစ်သည်။ ဟိုက်ဒရောလစ် အသုံးချမှုသည် အလားအလာရှိသော စွမ်းအင်ကို အဓိကအားဖြင့် အသုံးချပြီး အလားအလာရှိသော စွမ်းအင်အသုံးပြုမှု လျော့နည်းသွားရမည်ဖြစ်သည်။ သို့သော်လည်း မြစ်များ၏ သဘာဝကျခြင်းသည် ယေဘုယျအားဖြင့် မြစ်တစ် လျှောက်တဖြည်းဖြည်း စီးဆင်းလာပြီး တိုတောင်းသော အကွာအဝေးအတွင်း သဘာဝအလျောက် စီးဆင်းမှုမှာ အတော်လေးနည်းပါသည်။ အသုံးပြုနိုင်သော ရေဦးခေါင်းတစ်ခုအဖြစ် ပြန့်ကျဲနေသော သဘာဝကျခြင်းကို အာရုံစူးစိုက်ရန်ဖြစ်သည့် ကျဆင်းမှုကို အတုယူ၍ တိုးလာစေရန် သင့်လျော်သော အင်ဂျင်နီယာဆိုင်ရာ အစီအမံများ ပြုလုပ်ရန် လိုအပ်ပါသည်။

**ရေအားလျှပ်စစ်၏ အားသာချက်များ**

**(၁)ရေစွမ်းအင်ပြန်လည်ထုတ်လုပ်ခြင်း။**

ရေစွမ်းအင်သည် အဓိကအားဖြင့် သဘာဝဓာတ်ငွေ့နှင့် ရေလည်ပတ်မှုတို့ဖြင့် ဖွဲ့စည်းထားသော သဘာဝမြစ်ရေမှ ထွက်ရှိသည်။ ရေလည်ပတ်မှုသည် ရေစွမ်းအင်ကို ပြန်လည်အသုံးပြုပြီး ပြန်လည်အသုံးပြုနိုင်သောကြောင့် ရေစွမ်းအင်ကို 'ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်' ဟုခေါ်သည်။ 'ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်'သည် စွမ်းအင်တည်ဆောက်မှုတွင် ထူးခြားသော အနေအထားရှိသည်။

**(၂)ရေအရင်းအမြစ်များကို ကျယ်ကျယ်ပြန့်ပြန့် အသုံးချနိုင်ခြင်း။**

ရေအားလျှပ်စစ်သည် ရေစီးရေလာတွင် စွမ်းအင်ကိုသာ အသုံးပြုပြီး ရေကို စားသုံးခြင်းမရှိပါ။ ထို့ကြောင့် ရေအရင်းအမြစ်များကို ကျယ်ကျယ်ပြန့်ပြန့် အသုံးချနိုင်ပြီး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းအပြင် ရေလွှမ်းမိုးမှုထိန်းချုပ်ရေး၊ ဆည်မြောင်း၊ ရေကြောင်းပို့ဆောင်ရေး၊ ရေပေးဝေရေး၊ ငါးပုစွန်၊ ခရီးသွားလုပ်ငန်းနှင့် အခြားကဏ္ဍများမှလည်း တစ်ပြိုင်နက် အကျိုးဖြစ်ထွန်းစေကာ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်လျက်ရှိသည်။

**(၃)ရေစွမ်းအင်ကိုထိန်းညှိခြင်း။**

လျှပ်စစ်စွမ်းအင်ကို သိုလှောင်ထား၍ မရသည့်အပြင် ထုတ်လုပ်မှုနှင့် သုံးစွဲမှုတို့ကို တစ်ပြိုင်နက်ပြီးမြောက်စေသည်။ ရေစွမ်းအင်ကို ဓာတ်အားစနစ်၏ လိုအပ်ချက်အရ ထုတ်လုပ်သည့် ရေလှောင်ကန်များတွင် သိုလှောင်နိုင်သည်။ ရေလှောင်ကန်များသည် ဓာတ်အားစနစ်အတွက် စွမ်းအင်သိုလှောင်ရုံများအဖြစ် ဆောင်ရွက်သည်။ ရေလှောင်ကန်များ၏ စည်းမျဉ်းသည် ဝန်အားထိန်းညှိရန် ဓာတ်အားစနစ်၏ စွမ်းရည်ကို တိုးတက်စေပြီး ဓာတ်အားထောက်ပံ့မှု၏ ယုံကြည်စိတ်ချရမှုနှင့် ပြောင်းလွယ်ပြင်လွယ်ကို တိုးမြှင့်စေသည်။

**(၄)ရေအားလျှပ်စစ်ထုတ်လုပ်ခြင်း နောက်ပြန်လှည့်မှု။**

ရေတာဘိုင်သည် မြင့်သောအရပ်မှ ရေကို နိမ့်ရာသို့ ပို့ဆောင်ပေးသည့် ရေအားလျှပ်စစ်စွမ်းအင်အဖြစ်သို့ ပြောင်းလဲပေးနိုင်သည်။ တစ်ဖန် အောက်အဆင့်တွင်ရှိသော ရေများကို လျှပ်စစ်ပန့်များဖြင့် စုပ်ယူပြီး သိုလှောင်ရန်အတွက် မြင့်မားသောအဆင့်ရှိ ရေလှောင်ကန်များသို့ ပေးပို့ကာ လျှပ်စစ်စွမ်းအင်ကို ရေစွမ်းအင်အဖြစ် ပြောင်းလဲပေးသည်။ Pumped Storage Power Stations များ တည်ဆောက်ရန် ရေအားလျှပ်စစ်ထုတ်လုပ်ခြင်း၏ နောက်ပြန်လှည့်ခြင်းကို အသုံးပြုခြင်းသည် ဓာတ်အားစနစ်၏ ဝန်ထိန်းညှိနိုင်စွမ်းကို မြှင့်တင်ရာတွင် ထူးခြားသော အခန်းကဏ္ဍမှ ပါဝင်ပါသည်။

**(၅)ယူနစ်လည်ပတ်မှုပျော့ပြောင်းမှု။**

ရေအားလျှပ်စစ်ထုတ်လုပ်သည့် ယူနစ်များသည် ရိုးရှင်းသော စက်ကိရိယာများ၊ လိုက်လျောညီထွေရှိပြီး ယုံကြည်စိတ်ချရသော လည်ပတ်မှုရှိပြီး ဝန်အားတိုးရန်(သို့မဟုတ်)လျှော့ချရန် အလွန်အဆင်ပြေပါသည်။ ၎င်းတို့သည် အသုံးပြုသူများ၏ လိုအပ်ချက်အရ လျင်မြန်စွာ စတင်နိုင်သည်(သို့မဟုတ်) ရပ်တန့်နိုင်ပြီး အလိုအလျောက် လုပ်ဆောင်ရန် လွယ်ကူပါသည်။ ၎င်းတို့သည် ဓာတ်အားစနစ်၏ အထွတ်အထိပ်မုတ်ဆိတ်ရိတ်ခြင်းနှင့် ကြိမ်နှုန်းမွမ်းမံခြင်းလုပ်ငန်းဆောင်တာများ လုပ်ဆောင်ခြင်းအပြင် အရေးပေါ် အသင့်အနေအထား၊ ဝန်ချိန်ညှိခြင်းနှင့် အခြားလုပ်ဆောင်ချက်များအဖြစ် လုပ်ဆောင်ခြင်းအတွက် ၎င်းတို့သည် အသင့်တော်ဆုံးဖြစ်သည်။ ၎င်းတို့သည် ထူးခြားသော၊ တက်ကြွသော အကျိုးကျေးဇူးများဖြင့် ဓာတ်အားစနစ်၏ ယုံကြည်စိတ်ချရမှုကို တိုးမြှင့်နိုင်သည်။ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများသည် ဓာတ်အားစနစ်တွင် ဒိုင်းနမစ်ဝန်များကို အဓိကထမ်းဆောင်သူများဖြစ်သည်။

**(၆)ရေအားလျှပ်စစ်ထုတ်လုပ်မှု၏ ကုန်ကျစရိတ်သက်သာပြီး မြင့်မားသော ထိရောက်မှု။**

ရေအားလျှပ်စစ်သည် လောင်စာဆီ စားသုံးခြင်းမရှိဘဲ လောင်စာဆီ သယ်ယူပို့ဆောင်ရေးတွင် ရင်းနှီးမြှုပ်နှံထားသော လူအင်အားနှင့် အဆောက်အအုံအများအပြား မလိုအပ်ပါ။ စက်ကိရိယာသည် ရိုးရှင်းသည်၊ အော်ပရေတာနည်းသည်၊ အရန်ပါဝါနည်းသည်၊ စက်၏ဝန်ဆောင်မှုသက်တမ်း၊ လည်ပတ်မှုနှင့် ပြုပြင်ထိန်းသိမ်းမှုစရိတ်စက နည်းပါးသည်။ ထို့ကြောင့် ရေအားလျှပ်စစ်စက်ရုံများ၏ လျှပ်စစ်စွမ်းအင်ထုတ်လုပ်မှုကုန်ကျစရိတ်မှာ ရုပ်ကြွင်းလောင်စာသုံးဓာတ်အားပေးစက်ရုံ၏ ၁/၅ မှ ၁/၈ သာရှိသည်။

**(၇)ဂေဟစနစ်ကောင်းမွန်စေခြင်း။**

ရေအားလျှပ်စစ်စက်ရုံများသည် ဂေဟစနစ် ပိုမိုကောင်းမွန်စေရန် အထောက်အကူဖြစ်စေသည်။ ရေအားလျှပ်စစ်ထုတ်လုပ်ခြင်းသည် သဘာဝပတ်ဝန်းကျင်ကို မညစ်ညမ်းစေပါ။ ရေလှောင်ကန်၏ ကျယ်ပြောလှသော ရေမျက်နှာပြင်ဧရိယာသည် ဒေသ၏ Microclimate နှင့် ရေစီးဆင်းမှုယာယီနှင့် Spatial ဖြန့်ဖြူးမှုကို ထိန်းညှိပေးသည်၊ ၎င်းသည် ပတ်ဝန်းကျင်ဒေသများ၏ ဂေဟဗေဒပတ်ဝန်းကျင်ကို တိုးတက်ကောင်းမွန်စေရန် အထောက်အကူဖြစ်စေသည်။ ဥပမာ–ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံများအတွက် ကျောက်မီးသွေးကုန်ကြမ်း တစ်တန်လျှင် ဆာလဖာဒိုင်အောက်ဆိုက် ၃၀ ကီလိုဂရမ်ခန့် ထုတ်လွှတ်ရန် လိုအပ်ပြီး အမှုန်အမွှား ၃၀ ကီလိုဂရမ်ကျော်ကို ထုတ်ပေးပါသည်။

**ရေအားလျှပ်စစ်၏ အားနည်းချက်များ**

**(၁)ရင်းနှီးမြှုပ်နှံမှုစရိတ်ကြီးမားခြင်း။**

တစ်ကြိမ်တည်း ရင်းနှီးမြှုပ်နှံမှု ကြီးမားပြီး ရေအားလျှပ်စစ်စက်ရုံများ ဆောက်လုပ်ရန်အတွက် မြေကြီးနှင့် ကွန်ကရစ်လုပ်ငန်းများ၊ ထို့အပြင် ရေကြီးရေလျှံမှု အများအပြား ဆုံးရှုံးစေသဖြင့် ပြန်လည်နေရာချထားရေးစရိတ်စက ကြီးမားစွာ ပေးဆောင်ရန်လည်း လိုအပ်ပါသည်။ တည်ဆောက်ရေးကာလသည် အပူဓာတ်အားပေးစက်ရုံများ ဆောက်လုပ်ခြင်းထက် ပိုရှည်သောကြောင့် ဆောက်လုပ်ရေးရန်ပုံငွေ၏ လည်ပတ်မှုအပေါ် သက်ရောက်မှုရှိသည်။ ရေထိန်းသိမ်းခြင်းဆိုင်ရာ စီမံကိန်းများတွင် အချို့သော ရင်းနှီးမြှုပ်နှံမှုများကို အကျိုးခံစားခွင့်ရှိသော ဌာနအသီးသီးမှ ခွဲဝေသုံးစွဲသော်လည်း ရေအားလျှပ်စစ်၏ တစ်ကီလိုဝပ်လျှင် ရင်းနှီးမြှုပ်နှံမှုမှာ အပူစွမ်းအင်ထက် များစွာမြင့်မားပါသည်။ သို့သော်လည်း နောင်တွင် လုပ်ငန်းလည်ပတ်မှုတွင် နှစ်စဉ်လည်ပတ်မှုအသုံးစရိတ်အတွက် စုဆောင်းငွေကို တစ်နှစ်ထက်တစ်နှစ် ထေမိမည်ဖြစ်သည်။ အမြင့်ဆုံး ခွင့်ပြုပေးသည့် လျော်ကြေးကာလသည်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအဆင့်နှင့် စွမ်းအင်မူဝါဒတို့နှင့် သက်ဆိုင်ပါသည်။ လျော်ကြေးပေးသည့်ကာလသည် ခွင့်ပြုတန်ဖိုးထက် နည်းနေပါက ရေအားလျှပ်စစ်စခန်း၏ တပ်ဆင်စွမ်းရည်ကို တိုးမြှင့်ရန် သင့်လျော်သည်ဟု ယူဆပါသည်။

ချို့ယွင်းမှုအန္တရာယ် - ရေလွှမ်းမိုးမှုကြောင့် ဆည်များသည် ရေပမာဏအများအပြားကို ပိတ်ဆို့ခြင်း၊ သဘာဝဘေးအန္တရာယ်များ၊ လူလုပ်ပျက်စီးမှုများနှင့် ဆောက်လုပ်ရေး အရည်အသွေးတို့ကြောင့် မြစ်အောက်ပိုင်းဒေသများနှင့် အခြေခံအဆောက်အအုံများအတွက် ဘေးအန္တရာယ်ဖြစ်စေနိုင်သော အကျိုးဆက်များရှိသည်။ ထိုသို့သော ချို့ယွင်းမှုများသည် ဓာတ်အားထောက်ပံ့မှု၊ တိရစ္ဆာန်များနှင့် အပင်များကို ထိခိုက်စေနိုင်ပြီး သိသာထင်ရှားသော ဆုံးရှုံးမှုများနှင့် အသေအပျောက်များကိုလည်း ဖြစ်စေနိုင်သည်။

**(၂)ဂေဟစနစ်ပျက်စီးခြင်း။**

ကြီးမားသောရေလှောင်ကန်များသည် ဆည်များ၏ အထက်ပိုင်းတွင် ကျယ်ပြောလှသော ရေလွှမ်းမိုးမှုကို ဖြစ်စေပြီး တစ်ခါတစ်ရံ မြေနိမ့်ပိုင်းများ၊ ချိုင့်ဝှမ်းတောများနှင့် မြက်ခင်းများ ပျက်စီးစေသည်။ တစ်ချိန်တည်းမှာပင် ၎င်းသည် အပင်တစ်ဝိုက်ရှိ ရေနေဂေဟစနစ်ကိုလည်း ထိခိုက်စေမည်ဖြစ်သည်။ ၎င်းသည် ငါး၊ ရေငှက်နှင့် အခြားတိရစ္ဆာန်များအပေါ် သိသိသာသာ သက်ရောက်မှုရှိသည်။

အချုပ်အားဖြင့်ဆိုရသော် ရေအားလျှပ်စစ်စက်များကို လူသားများက ထိန်းချုပ်ထားပြီး နည်းပညာကို အတွေးဖြင့် အုပ်ချုပ်နေခြင်း ဖြစ်သည်။ ထို့ကြောင့် ရေအားလျှပ်စစ်စက်ရုံများ၏ ဒီဇိုင်း၊ ဆောက်လုပ်မှုနှင့် စက်ကိရိယာများ ရွေးချယ်ရာတွင် လူသားတို့၏ ပုဂ္ဂလိကဋ္ဌာန်အခန်းကဏ္ဍကို အပြည့်အဝပါဝင်ဆောင်ရွက်ရန် လိုအပ်ပြီး ရေစီးဆင်းမှု စွမ်းအင်ဆုံးရှုံးမှုကို တတ်နိုင်သမျှ၊ နည်းနိုင်သမျှနည်းအောင် နည်းပညာဖြင့် ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ပါသည်။ ဤသည်မှာ အချို့ရေအားလျှပ်စစ်စခန်းများအတွက် ရေကျသွားခြင်းမှာ အတော်ပင် နည်းပါသည်။ အထူးအရေးကြီးပါသည်။ တစ်ချိန်တည်းမှာပင် ရေအားလျှပ်စစ်စခန်းများ၏ လည်ပတ်ဆောင်ရွက်မှုနှင့် စီမံခန့်ခွဲမှုတို့ကို ထိရောက်စွာ အားကောင်းစေရန်၊ ဓာတ်အားပေးစက်ရုံများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ရန်၊ ရေအရင်းအမြစ်ကို အပြည့်အဝ အသုံးချရန်နှင့် ပိုမိုကြီးမားသော အခန်းကဏ္ဍမှ ပါဝင်လာစေရန် အသေးစား ရေအားလျှပ်စစ်စခန်းများ ဖွင့်လှစ်နိုင်ရန်မှသည် ရေအားလျှပ်စစ်စီမံကိန်းကြီးများကို တိုးချဲ့တည်ဆောက်သွားရန်အထိ အထူးလိုအပ်လျက်ရှိပြီဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

**ကိုးကား – မြန်မာ့စွယ်စုံကျမ်း၊ အတွဲ(၁၁)နှင့် wikipiedia from Google.**

မောင်မောင်စွယ်စုံထွန်း




## တာရစ်မူဟာရီမိုဗစ်ချ်ကို ခေါ်ယူရန် စပါးအသင်း စီစဉ်



**လန်ဒန် မေ ၁၅**

စပါးအသင်းသည် ဆက်ဆူအိုလိုအသင်း နောက်ခံကစားသမား တာရစ်မူဟာရီမိုဗစ်ချ်ကို ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၃)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် ဆက်ဆူအိုလိုအသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၃၂ပွဲကစားပြီး ၂ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် စပါးအသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

ဆက်ဆူအိုလိုအသင်းကလည်း တာရစ်မူဟာရီမိုဗစ်ချ်အတွက် စတာလင်ပေါင် သန်း ၃၀ ရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။



ထို့ကြောင့် စပါးအသင်းအနေဖြင့် နွေရာသီဈေးကွက်အတွင်းတွင် ဆက်ဆူအိုလိုအသင်းအလိုရှိသည့် ပြောင်းရွှေ့ကြေးအား ပေးချေပြီး တာရစ်မူဟာရီမိုဗစ်ချ်ကို ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

**(အပေါ်ပုံ) (NGB)**

## နည်းပြ အန်ဆယ်လော့တီ ဘရာဇီးအသင်းနှင့် ၂၀၃၀ ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆို

**လန်ဒန် မေ ၁၅**

ဘရာဇီးလက်ရွေးစင်အသင်းသည် အသင်းနည်းပြ အန်ဆယ်လော့တီကို ၂၀၃၀ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့သည်။

အဆိုပါ နည်းပြသည် ယခုစာချုပ်သစ်ကြောင့် တစ်နှစ်လုပ်ခလစာငွေ ယူရို ၁၀သန်းထိရရှိသွားမည်ဖြစ်သည်။

နည်းပြ အန်ဆယ်လော့တီသည် ဘရာဇီးလက်ရွေးစင်အသင်းအား ၂၀၂၅ခုနှစ် မေ ၂၆ ရက်က စတင်ကိုင်တွယ်ပြီး ပြိုင်ပွဲ ၁၀ပွဲတွင် ၅ပွဲနိုင်၊ ၂ပွဲ သရေ၊ ၃ပွဲ ရှုံး ရလဒ်ပိုင်ဆိုင်ခဲ့ သည်။

အသက်(၆၆)နှစ်အရွယ်ရှိ အန်ဆယ်လော့တီက "ကျွန်တော် အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခွင့်ရလို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ ဒီအသင်းအတွက် အောင်ပွဲရယူပေးနိုင်ဖို့ အစွမ်းကုန် ကြိုးစားသွားမှာပါ"ဟု ပြောသည်။

**(အပေါ်ပုံ) (NGB)**

## 2026 internazionali bnl d'italia တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ Casper Ruud တက်ရောက်



**တူရင် မေ ၁၅**

အီတလီနိုင်ငံတွင် ကျင်းပလျက်ရှိသော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 internazionali bnl d'italia တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ နော်ဝေတင်းနစ်ကစားသမား Casper Ruud တက်ရောက်ခဲ့သည်။

အဆိုပါ နော်ဝေတင်းနစ်မယ် Casper Ruud သည် 2026 internazionali bnl d'italia တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် ရုရှားတင်းနစ်ကစားသမား Karen Khachanov အား ၆-၁၊ ၁-၆၊ ၆-၂ ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2026 internazionali bnl d'italia တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် နော်ဝေတင်းနစ်ကစားသမား Casper Ruud နှင့် အိမ်ရှင်အီတလီတင်းနစ်ကစားသမား Luciano Darderi တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

**(အပေါ်ဝဲပုံ) (NGB)**

## ဒီယိုမန်ဒီ လိုက်ပဇစ်အသင်းတွင် ဆက်ရှိသွားမည်

**မြူးနစ် မေ ၁၅**

တောင်ပံကစားသမား ဒီယိုမန်ဒီ အသင်းမှ ထွက်ခွာမည်ဆိုသောသတင်းများသည် ကောလာဟလများသာဖြစ်ကြောင်း၊ အသင်းတွင်သာ ဆက်ရှိသွားမည်ဟု လိုက်ပဇစ်အသင်းက အတည်ပြု ထုတ်ပြန်ခဲ့သည်။

အသက်(၁၉)နှစ်အရွယ်ရှိ တောင်ပံကစားသမားကို ချဲလ်ဆီး၊ လီဗာပူးအသင်းအပါအဝင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း ၎င်းက လိုက်ပဇစ်အသင်းတွင် ဆက်ရှိသွားမည်ဖြစ်သည်။

တောင်ပံကစားသမား ဒီယိုမန်ဒီသည် လိုက်ပဇစ်အသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၃၅ပွဲကစားပြီး ၁၃ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

လိုက်ပဇစ်အသင်းထုတ်ပြန်ချက်တွင် "ဒီယိုမန်ဒီအသင်းမှာ ဆက်ရှိသွားမှာပါ။ သူက အသင်းအတွက် အားထားရတဲ့ ကစားသမားတစ်ယောက်ပါ"ဟု ထုတ်ပြန်သည်။**(အောက်ပုံ) (NGB)**



## တွမ်ဟီတန်အား စာချုပ်သက်တမ်းတိုးရန် မန်ယူအသင်းစီစဉ်

**လန်ဒန် မေ ၁၅**

မန်ယူအသင်းသည် အသင်းဝါရင့်ဂိုးသမား တွမ်ဟီတန်ကို စာချုပ်သက်တမ်းတိုးရန် စီစဉ်လျက်ရှိသည်။

အသက်(၄၀)နှစ်အရွယ်ရှိ ဂိုးသမားသည် မန်ယူအသင်းနှင့်အတူ ပုံမှန်ပွဲထွက်ခွင့်မရရှိသော်လည်း အသင်း၏ စာချုပ်သက်တမ်းတိုး ကမ်းလှမ်းမှုကိုမူ လက်ခံသွားမည်ဖြစ်သည်။

မန်ယူအသင်းထုတ်ပြန်ချက်တွင် "တွမ်ဟီတန်အား စာချုပ်သက်တမ်းတိုးရန် စီစဉ်နေပါပြီ။ စာချုပ်ကိစ္စလည်း မကြာမီရက်ပိုင်းအတွင်း အပြီးသတ်ချုပ်ဆိုနိုင်တော့မှာပါ"ဟု ထုတ်ပြန်သည်။ **(အောက်ပုံ) (NGB)**




## မာလန်ကို ရိုးမားအသင်း အပြီးသတ်ခေါ်ယူ

**တူရင် မေ ၁၅**

ရိုးမားအသင်းသည် အက်စတွန်ဗီလာအသင်းမှ အငှားဖြင့် ခေါ်ယူထားသည့် တိုက်စစ်မှူး မာလန်ကို အပြီးသတ်ခေါ်ယူခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် ရိုးမားအသင်းနှင့်အတူ ၂၀၂၉ခုနှစ်အထိ စာချုပ်ချုပ်ဆိုခဲ့သည်။



တိုက်စစ်မှူး မာလန်သည် ယခုနှစ်ဘောလုံးရာသီတွင် အက်စတွန်ဗီလာအသင်းမှ ရိုးမားအသင်းသို့ အငှားပြောင်းရွှေ့ကစားပြီး ပြိုင်ပွဲစုံ ၁၈ပွဲကစားကာ ၁၄ဂိုး သွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ရိုးမားအသင်းက အပြီးသတ်ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အသက်(၂၇)နှစ်အရွယ်ရှိ မာလန်က "ကျွန်တော် ရိုးမားအသင်းသို့ အပြီးသတ်ပြောင်းရွှေ့ခွင့်ရလို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ အနာဂတ်မှာလည်း ဒီအသင်းနဲ့အတူ အောင်မြင်မှု ဆုဖလားတွေ ရယူနိုင်ဖို့ အစွမ်းကုန်ကြိုးစားသွားမှာပါ"ဟု ပြောသည်။

**(ဝဲပုံ) (NGB)**

## ရီးရဲလ်မက်ဒရစ်အသင်းက အိုဗီဒိုအသင်းအား နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိ

**မက်ဒရစ် မေ ၁၅**

စပိန်လာလီဂါပွဲစဉ်အဖြစ် ယနေ့နံနက်ပိုင်းက ရီးရဲလ်မက်ဒရစ်အသင်းနှင့် အိုဗီဒိုအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ရီးရဲလ်မက်ဒရစ်အသင်းက အိုဗီဒိုအသင်းအား နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။



ရီးရဲလ်မက်ဒရစ်အသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲချိန် ၄၄မိနစ်တွင် ဂါစီယာ၊ ပွဲချိန် မိနစ် ၈၀တွင် ဘယ်လင်ဟမ်တို့က အသီးသီး သွင်းယူပေးခဲ့သည်။

ရီးရဲလ်မက်ဒရစ်အသင်းသည် စပိန်လာလီဂါပွဲစဉ် (၃၆)ပွဲယှဉ်ပြိုင်ကစားအပြီးတွင် ရမှတ် ၈၀ မှတ်ဖြင့် အဆင့်(၂)နေရာတွင် ရပ်တည်လျက်ရှိသည်။

စပိန်လာလီဂါပွဲစဉ်(၃၇)အဖြစ် ရီးရဲလ်မက်ဒရစ်အသင်းသည် လာမည့် မေ ၁၇ရက်တွင် ဆီဗီလာအသင်းနှင့် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

**(ဝဲပုံ) (NGB)**

## ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၃၄)

နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲ ရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၁၆-၅-၂၀၂၆ ည ၈း၀၀နာရီ | (၆) လေဗာကူဆင် - ဟမ်းဘတ် (၁၁)<br>(L,L,W,W,L) (L,L,L,W,W) | လေဗာကူဆင် ၃-၁ ဟမ်းဘတ်<br>ဟမ်းဘတ် ၁-၀ လေဗာကူဆင် |
| " | (၁) ဘိုင်ယန်မြူးနစ် - ကိုလုံး (၁၄)<br>(W,L,D,D,W) (W,D,L,D,L) | ဘိုင်ယန်မြူးနစ် ၂-၀ ကိုလုံး<br>ကိုလုံး ၀-၁ ဘိုင်ယန်မြူးနစ် |
| " | (၁၃) မိုချန်ဂလာဘတ် - ဟော်ဖန်ဟိမ်း (၅)<br>(L,D,D,W,L) (D,W,W,D,W) | မိုချန်ဂလာဘတ် ၄-၄ ဟော်ဖန်ဟိမ်း<br>ဟော်ဖန်ဟိမ်း ၁-၂ မိုချန်ဂလာဘတ် |
| " | (၈) ဖရန့်ဖတ် - စတုဂတ် (၄)<br>(W,L,D,L,L) (L,W,D,D,W) | ဖရန့်ဖတ် ၁-၀ စတုဂတ်<br>စတုဂတ် ၂-၃ ဖရန့်ဖတ် |
| " | (၁၇) ဟိုင်ဒန်ဟိမ်း - မိန့်ဇ် (၁၀)<br>(W,L,W,D,W) (L,D,L,W,L) | ဟိုင်ဒန်ဟိမ်း ၀-၂ မိန့်ဇ်<br>မိန့်ဇ် ၀-၂ ဟိုင်ဒန်ဟိမ်း |
| " | (၇) ဖရိုင်းဘတ် - လိုက်ပဇစ် (၃)<br>(L,L,D,W,L) (W,W,W,L,W) | ဖရိုင်းဘတ် ၀-၀ လိုက်ပဇစ်<br>လိုက်ပဇစ် ၃-၁ ဖရိုင်းဘတ် |
| " | (၁၈) စိန့်ပေါလီ - ဝုဖ်ဘတ် (၁၆)<br>(L,D,L,L,L) (L,W,D,D,L) | စိန့်ပေါလီ ၀-၀ ဝုဖ်ဘတ်<br>ဝုဖ်ဘတ် ၁-၁ စိန့်ပေါလီ |
| " | (၁၂) ယူနီယံဘာလင် - အော့စ်ဘတ် (၉)<br>(L,L,L,D,W) (D,W,D,W,W) | ယူနီယံဘာလင် ၀-၂ အော့စ်ဘတ်<br>အော့စ်ဘတ် ၁-၂ ယူနီယံဘာလင် |
| " | (၁၅) ဝဲဒါဘရီမင် - ဒေါ့မွန် (၂)<br>(L,W,D,L,L) (L,L,W,L,W) | ဝဲဒါဘရီမင် ၀-၀ ဒေါ့မွန်<br>ဒေါ့မွန် ၂-၂ ဝဲဒါဘရီမင် |

## အင်္ဂလိပ် အက်ဖ်အေဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်

နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် | နောက်ဆုံးတွေ့ဆုံမှုရလဒ် |
|---|---|---|
| ၁၆-၅-၂၀၂၆ ည ၈း၃၀နာရီ | ချဲလ်ဆီး - မန်စီးတီး<br>(ပရီးမီးယားလိဂ်-၉) (ပရီးမီးယားလိဂ်-၂) | ချဲလ်ဆီး ၀-၃ မန်စီးတီး<br>မန်စီးတီး ၁-၁ ချဲလ်ဆီး |

# ရတနာပုံ FC U-20 ဘောလုံးအသင်းခြေစမ်းပွဲတွင် ဒဂုံစတား U-20 အသင်းကိုအနိုင်ရ



**မန္တလေး မေ ၁၅**

မြန်မာနေရှင်နယ်လိဂ် (U-20)2026 ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နေသည့် ရတနာပုံ FC U-20 အသင်းသည် မေ ၁၃ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ သုဝဏ္ဏလေ့ကျင့်ရေးကွင်းတွင် ခြေစမ်းပွဲအဖြစ် ဒဂုံစတား U-20 အသင်းနှင့် ယှဉ်ပြိုင်ကစားရာ ရတနာပုံ FC U-20 အသင်းက နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ရတနာပုံ၊ FC U-20 အသင်းအတွက် ကစားသမားအသစ်များကို ပြီးခဲ့သည့် ဧပြီလကစ၍ မန္တလေးမြို့နှင့် ရန်ကုန်မြို့များတွင် ရွေးချယ်မှုများပြုလုပ်ခဲ့ပြီး အပြီးသတ်ရွေးချယ်မှုများပြုလုပ်ခဲ့ရာတွင် မန္တလေးမှ ၁၃ ဦး၊ ရန်ကုန်မှ ခြောက်ဦး မကွေးမှ သုံးဦး ရှမ်း၊ ဧရာဝတီနှင့် မွန်ပြည်နယ်တို့မှ နှစ်ဦးစီ၊ ကရင်နှင့် စစ်ကိုင်းတို့မှ တစ်ဦးစီ ရွေးချယ်နိုင်ခဲ့သည်။

"ပြီးခဲ့တဲ့ ဧပြီလကတည်းက နိုင်ငံတစ်ဝန်းက အလားအလာရှိတဲ့ ကစားသမားတွေ ရှာဖွေပြီး ကစားသမားလေးတွေကို မန္တလေးမြို့နဲ့ ရန်ကုန်မြို့တွေမှာ အသေးစိတ်စိစစ်ရွေးချယ်ခဲ့ပါတယ်။ ရာနဲ့ချီတဲ့ လူငယ်တွေရောက်လာပြီး အရွေးခံကြပါတယ်။ အားရဖို့ကောင်းပါတယ်။ အဲဒီအထဲကမှ အခုပြိုင်ပွဲဝင်နိုင်မယ့် အရည်အချင်းရှိတဲ့ ကစားသမားတွေကို ရွေးချယ်ခဲ့တာပါ"ဟု နည်းပြချုပ်ဇော်လေးအောင်က ပြောသည်။

မြန်မာနေရှင်နယ်လိဂ်(U-20)ဘောလုံးပြိုင်ပွဲများကို ကျင်းပတော့မည်ဖြစ်ရာ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ကလပ်အသင်းများက လူရွေးချယ်မှုများ ပြုလုပ်လျက်ရှိကြပြီး အပြီးသတ် ရွေးချယ်မှုများပြုလုပ်ထားသည့်အသင်းများသည် ပြိုင်ပွဲ၌ရလဒ်ကောင်းများ ရရှိရန် ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားလျက်ရှိကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)(ဝ၃၂)**



# မြန်မာနိုင်ငံဂီတအစည်းအရုံး(မန္တလေးတိုင်းဒေသကြီး)သို့ အလှူငွေများ လှူဒါန်း

**မန္တလေး မေ ၁၅**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ နန်းရှေ့ရပ်နေ ဖခင်ကြီး ဦးလှအောင်အား ရည်စူး၍ မိခင်ကြီး သီရိသုဓမ္မသိင်္ဂီ ဒေါ်ထွေးထွေးအား အမှူးထား၍ သီဟသုဓမ္မ မဏိဇောတဓရ ဦးခင်မောင်ထွေး (အုပ်ချုပ်မှုဒါရိုက်တာ၊ မန်းမြင့်မိုရ်ဟိန်းကုမ္ပဏီ)မှ မြန်မာနိုင်ငံဂီတအစည်းအရုံး မန္တလေးတိုင်းဒေသကြီးသို့ အလှူငွေများ လှူဒါန်းပွဲကို မေ ၁၃ ရက် မွန်းလွဲ ၁ နာရီက မန်းမြင့်မိုရ်ဟိန်းကုမ္ပဏီရုံးခန်းတွင် ကျင်းပခဲ့သည်။

မြန်မာနိုင်ငံဂီတအစည်းအရုံး(မန္တလေးတိုင်းဒေသကြီး)သို့ မန်းမြင့်မိုရ်ဟိန်းကုမ္ပဏီအုပ်ချုပ်မှုဒါရိုက်တာ သီဟသုဓမ္မမဏိဇောတဓရ ဦးခင်မောင်ထွေးက မွေးနေ့အထိမ်းအမှတ်အဖြစ် ငွေကျပ် သိန်းတစ်ရာ လှူဒါန်းရာ မန္တလေးတိုင်းဒေသကြီး ဂီတအစည်းအရုံးမှ နာယကကြီး ဦးမြတ်စိုးဆွေ၊ ဥက္ကဋ္ဌဦးခင်မောင်ဆွေ၊ ဒုတိယဥက္ကဋ္ဌ ဦးသော်တာဦးနှင့် အတွင်းရေးမှူး ဒေါ်နှင်းနှင်းဖြူတို့က လက်ခံရယူခဲ့ပြီး ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)(ဝ၅၇)**

# မိုးစတင်ရွာသွန်းခြင်းနှင့်အတူ ဆီထွက်သီးနှံ စတင်စိုက်ပျိုး

**ညောင်ဦး မေ ၁၅**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၌ မိုးစတင်ရွာသွန်းခြင်းနှင့်အတူ ကျေးလက်တောင်သူများ ဆီထွက်သီးနှံ မြေပဲနှင့်နှမ်းများ စတင်စိုက်ပျိုးနေကြပြီဖြစ်ကြောင်း သိရသည်။

ညောင်ဦးမြို့နယ်၌ မေ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် မိုးရွာသွန်းမှုကြောင့် ကျေးလက်တောင်သူများ ထွန်ယက်စိုက်ပျိုးနိုင်သည်အထိ မိုးရွာသွန်းခဲ့ကာ နွေကာလယာမြေများ ကြိုတင်ထွန်ယက်ထားသည့် တောင်သူများ ယာနှစ်စပ်ထွန်ရုံဖြင့် တန်းကြောင်းချကာ ဆီထွက်သီးနှံမြေပဲနှင့် နှမ်းများ စတင်စိုက်ပျိုးနေကြပြီဖြစ်ကြောင်း၊ ညောင်ဦးမြို့နယ်အရှေ့ဘက်ကြော၌ မိုးပိုမိုရွာသွန်းခဲ့ပြီး ထွန်းစက်၊ ထွန်ရှည်းတို့ဖြင့် စတင်စိုက်ပျိုးနေကြကြောင်း၊ ကျေးလက်တောင်သူများသည် မြေပဲနှင့် နှမ်းမျိုးများအား မိမိတို့နှတ်သိမ်းချိန်မျိုးကောင်း မျိုးသန့်ရွေးပြီး ချန်ထားသည့်မျိုးများကို စိုက်ပျိုးကြကြောင်းသိရသည်။

ညောင်ဦးမြို့နယ်၌ ကျေးလက်တောင်သူအများစုသည် ယာမြေများဖြစ်သည့်အတွက် မိုးဦးတု၊ မိုးရာသီသာ ဆီထွက်သီးနှံများ အဓိကထား စိုက်ပျိုးကြကြောင်း၊ မြေပဲကို ပင်ထောင်မြေပဲ(သုံးလ)ပဲနှင့် ပင်ပြန့်မြေပဲ(ခြောက်လ)ပဲ၊ နှစ်ကြိမ်စိုက်ပျိုးကြပြီး၊ ဆီထွက်နှမ်းကို မိုးနှမ်းနှင့် ဆောင်းနှမ်း နှစ်ကြိမ် ကြဲပက်စိုက်ပျိုးကြကြောင်း၊ သီးထပ်၊ သီးညှပ်အဖြစ် ပဲစင်းငုံနှင့် ကွာစေ့ဖရဲများထည့်၍ စိုက်ပျိုးကြကြောင်း သိရသည်။

**(၄၈၁)**



# ရွှေဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ မြို့နယ်အဆင့် (ဆင့်ပွားသင်တန်း)ဖွင့်ပွဲ ကျင်းပ

**စဉ့်ကူး မေ ၁၅**

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကူးမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင် ပညာသင်ကြားပေးလျက်ရှိသော ဆရာ၊ ဆရာမများကို သင်ကြားမှုစွမ်းရည်ပိုမိုမြင့်တက်လာစေရန် ရည်ရွယ်၍ မူလတန်းပြ ဆရာ၊ ဆရာမများအတွက် KG နှင့် Grade-1 သင်ပြနည်းစနစ်နှင့် မူကြိုသင်ပြနည်းစနစ် ချိတ်ဆက်ဆောင်ရွက်နိုင်ရေးအတွက် ရွှေဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ မြို့နယ်အဆင့်(ဆင့်ပွားသင်တန်း)ဖွင့်ပွဲကို မေ ၁၄ ရက် နံနက် ၉ နာရီက စဉ့်ကူးမြို့နယ်ပညာရေးမှူးရုံး၌ ကျင်းပခဲ့သည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ စဉ့်ကူးမြို့နယ်၊ မြို့နယ်ပညာရေးမှူး ဦးမျိုးဝင်းက ဆင့်ပွားသင်တန်းဆွေးနွေးပွဲ ဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ အမှာစကားပြောကြားပြီး သင်တန်းနည်းပြ ဆရာမ ဒေါ်ခင်နှင်းနုက သင်တန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ သင်တန်းဆွေးနွေးပွဲကို မေ ၁၄ ရက်မှ စတင်ကျင်းပလျက်ရှိရာ စဉ့်ကူးမြို့နယ်၊ မြို့နယ်ပညာရေးမှူး ဦးမျိုးဝင်းနှင့် တာဝန်ရှိသူများ၊ တိုင်းအဆင့် သင်တန်းတက်ပြီးသူ နည်းပြဆရာမ သုံးဦးတို့က အနီးကပ်ကြီးကြပ်၍ ဆွေးနွေးပို့ချလျက်ရှိသည်။

အဆိုပါ သင်တန်းဆွေးနွေးပွဲသို့ စဉ့်ကူးမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင် မူလတန်းအဆင့် သင်ကြားပေးနေသော ဆရာ၊ ဆရာမ သင်တန်းသား၊ သင်တန်းသူ ၄၂ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ မေ ၁၄ ရက်မှ မေ ၂၄ ရက်အထိ ၁၀ ရက်ကြာ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း စဉ့်ကူးမြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**တင်စာလွင်(ပြန်/ဆက်)**

# ရတနာပုံတက္ကသိုလ်၌ ရက်(၁၀၀)စီမံချက်အစီအစဉ် ပါမောက္ခချုပ်နှင့် စီမံရေးရာဝန်ထမ်းများတွေ့ဆုံပွဲ ကျင်းပ

**မန္တလေး မေ ၁၅**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ရတနာပုံတက္ကသိုလ်၌ ရက်(၁၀၀)စီမံချက်အား အကောင်အထည်ဖော်ဆောင်ရွက်မှုအစီအစဉ်အရ ပါမောက္ခချုပ်နှင့် အရာထမ်း၊ အမှုထမ်းစီမံရေးရာ ဝန်ထမ်းများ တွေ့ဆုံပွဲကို မေ ၁၄ ရက် မွန်းလွဲ ၂ နာရီက အဆိုပါ တက္ကသိုလ်ရှိ အားကစားခန်းမ-၂ တွင် ကျင်းပရာ ပါမောက္ခချုပ် ဒေါက်တာတင့်မိုးသူဇာ၊ ဒုတိယပါမောက္ခချုပ်များဖြစ်ကြသည့် ဒေါက်တာသွယ်လင်းကို၊ ဒေါက်တာခင်မော်မော်စိုး၊ ဒေါက်တာဦးဝင်းနိုင်၊ ဌာနမှူး(စီမံ၊ ဘဏ္ဍာ)၊ ဌာနမှူး(သင်တန်းရေးရာ)၊ စီမံရေးရာ ဝန်ထမ်းများ တက်ရောက်ကြသည်။

အဆိုပါ တွေ့ဆုံပွဲတွင် ပါမောက္ခချုပ် ဒေါက်တာတင့်မိုးသူဇာက ဝန်ထမ်းများအနေဖြင့် သင်ကြား၊ စီမံ၊ ကျောင်းသား၊ ကျောင်းသူများနှင့် သက်ဆိုင်သည့် ကိစ္စရပ်များအားလုံးကို လုပ်ထုံးလုပ်နည်း၊ သတ်မှတ်စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ကြရန်၊ ဝန်ထမ်းစိတ်ဓာတ်နှင့် ကိုယ်ကျင့်တရားကောင်းမွန်ရန်၊ အနေအထိုင်အပြုအမူမှန်ကန်ကြရန်၊ တာဝန်များကို မခိုမကပ်၊ မပေါ့မဆတဲ့ စေတနာဖြင့် ဆောင်ရွက်ကြရန် တာဝန်များကို ရိုးသားစွာ၊ ယဉ်ကျေးစွာ ဆောင်ရွက်ကြရန် ပြောကြားသည်။

လုပ်ငန်းအထောက်အကူပြု ICT နည်းပညာများကိုလည်း လေ့လာသင်ယူ လေ့ကျင့်နေကြရမည်ဖြစ်ပါကြောင်း ကျောင်းဥပမိရုပ်ကောင်းမွန်ရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ ဝန်ထမ်းစည်းကမ်းများကို လိုက်နာဆောင်ရွက်ရန်၊ ကိုယ်ချင်းစာစိတ်ထားရန်၊ ချစ်ကြည်ရင်းနှီးစွာဖြင့် ထမ်းဆောင်ရမည့် လုပ်ငန်းတာဝန်များကို ပျော်ရွှင်စွာဖြင့် ကျေပွန်အောင် အဂတိကင်းစွာ ထမ်းဆောင်ကြရန်လည်း မှာကြားခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**
**(၀၈၂)**



# မေထုန်မဲ့သားစပ်ခြင်း ဆောင်ရွက်

**မန္တလေး မေ ၁၅**

မန္တလေး၊ မဟာအောင်မြေခရိုင်၊ ပြည်ကြီးတံခွန်မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာကြူကြူအေး၏ ဦးဆောင်ကြီးကြပ်မှုဖြင့် ရက်(၁၀၀)စီမံချက်ဆောင်ရွက်မှုဖြင့် ၂၀၂၆ ခုနှစ်၊ ဧပြီလမှစ၍ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်းရပ်ကွက်ရှိ နို့စားနွားမများအား နို့စားနွားမွေးမြူရေးဖွံ့ဖြိုးတိုးတက်ရန် ရည်ရွယ်၍ မေထုန်မဲ့သားစပ်နည်းဖြင့် မျိုးမြင့်တင်သားစပ်ပေးလျက်ရှိသည်။

ထိုသို့ မေထုန်မဲ့သားစပ်ပေးခြင်းကို ၂၀၂၆ ခုနှစ်၊ ဧပြီ ၂၂ရက်မှ ယနေ့ချိန်အထိ နို့စားနွားမကောင်ရေ ၆၀ အား သားစပ်ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)(မန္တလေးနေ့စဉ်-၃)**



## လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်သူများ တွေ့ဆုံ



**မန္တလေး မေ ၁၅**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ် ပြည်နိုင်ဖြိုးပါတီ လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်သူများ တွေ့ဆုံပွဲကို မေ ၁၄ ရက် နံနက် ၉ နာရီက ချမ်းအေးသာစံမြို့နယ်၊ သီရိဟေမာအရှေ့ရပ်ကွက်ရှိ ရတနာဃရ ၁၄ ခန်း ဓမ္မဗိမာန်တော်တွင် ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြင့်မြင့်ဌေး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကိုကိုထွေး၊ ချမ်းအေးသာစံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ၊ မြို့နယ်ပါတီ ဉက္ကဋ္ဌ ဦးကျော်ကျော်ဌေးနှင့် ကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးဦးဇေယျာငြိမ်း၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးမျိုးသူရအောင်နှင့်တာဝန်ရှိသူများ၊ ချမ်းအေးသာစံအနောက်ရပ်ကွက်အုပ်ချုပ်ရေးမှူးဦးလင်းထင်၊ သီရိဟေမာအရှေ့ရပ်ကွက်အုပ်ချုပ်ရေးမှူးဦးလင်းလင်းဖြိုးနှင့် နှင့်ရပ်ကွက်ပြည်သူများ တက်ရောက်ကြသည်။ **(အပေါ်ပုံ)**

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြင့်မြင့်ဌေးက နိုင်ငံတော်မှချမှတ်ထားသောရက် (၁၀၀)စီမံချက်လုပ်ငန်းစဉ်များအရ ပြည်သူများရဲ့ လိုအပ်ချက်များကို သက်ဆိုင်ရာဌာနများဖြင့် ချိတ်ဆက်၍ ဆောင်ရွက်ပေးမှာဖြစ်ကြောင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးကိုကိုထွေးက ပြည်သူများ အနေဖြင့်လည်း အမှိုက်များကို စနစ်တကျစွန့်ပစ်ရန် လိုအပ်ကြောင်းနှင့်ရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရန်အတွက်လည်း ရေမြောင်းများအတွင်း အမှိုက်စွန့်ပစ်ခြင်းများကို ရှောင်ရှားကြရန်နှင့် မိမိတို့ရပ်ကွက်၏ လိုအပ်ချက်များကို အုပ်ချုပ်ရေးမှူးအား တင်ပြပြီး ရပ်ကွက်အုပ်ချုပ်ရေးမှူးမှတစ်ဆင့် မြို့နယ်အုပ်ချုပ်ရေးမှူးထံတင်ပြကာ ပူးပေါင်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မြို့နယ်ပါတီ ဉက္ကဋ္ဌဦးကျော်ကျော်ဌေးက ပြည်သူလူထုရဲ့အသံကို လွှတ်တော်သို့ တင်ပြပေးနိုင်အောင် ကိုယ်စားလှယ်ကြီးများနှင့်ချိတ်ဆက်ပြီး ဆောင်ရွက်ပေးမှာဖြစ်ကြောင်း ပြောကြားပြီး ပြည်သူများက ရပ်ကွက်အတွင်း လိုအပ်ချက်များကို တင်ပြကြရာ မြို့နယ်စည်ပင်၊ မြို့နယ်လျှပ်စစ်တို့မှ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ထို့နောက် လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများသည် ရပ်ကွက်အတွင်း ကွင်းဆင်းကာ ပြည်သူလူထု၏ တင်ပြချက်များကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး လမ်းမီးတိုင်များ မီးလင်းရေး၊ ရေစီးရေလာကောင်းမွန်ရေးတို့အတွက် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းခဲ့ကြောင်း သိရသည်။

(ဝ၄၁)

ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ



## ပုသိမ်ကြီးမြို့နယ်၊ ရဲထွင့်ကျေးရွာနှင့် ပုဂံတပ်ကျေးရွာဆက်သွယ်သည့် မေတ္တာပေါင်းကူးတံတားဖွင့်ပွဲ ကျင်းပ

**မန္တလေး မေ ၁၅**

မန္တလေး၊ ပုသိမ်ကြီးမြို့နယ်၊ ရဲထွင့်ကျေးရွာနှင့် ပုဂံတပ်ကျေးရွာတို့ကို ဆက်သွယ်သည့် မေတ္တာပေါင်းကူးတံတားဖွင့်ပွဲကို မေ ၁၄ ရက် နံနက် ၉နာရီက ရဲထွင့်ကျေးရွာရှိ အဆိုပါ တံတားထိပ်မင်္ဂလာမုခ်ဦးတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့မိ၊ မြို့ဖဝဏ္ဏကျော်ထင် သီရိပျံချီ ဦးမောင်ကိုက ဂုဏ်ပြုဝမ်းမြောက်စကားပြောကြားပြီး ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးဝင်းညွှန့်မော်က အလှူရှင်ကိုယ်စား လှူဒါန်းရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

အခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော်ဉက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသော ဦးဆွေသန်း၊ ဦးကျော်ဆန်း၊ ဦးမျိုးမြင့်၊ ဦးတင်ထွန်း၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ အလှူရှင်မိသားစုနှင့် ကျေးရွာပြည်သူများ တက်ရောက်ကြသည်။

အဆိုပါတံတားသည် အလျား ၅၁၅ ပေ၊ အကျယ် ၂၇ ပေရှိ သံကူကွန်ကရစ်အမျိုးအစား တံတားဖြစ်ပြီး New light Mandalay Co,Ltd ဆောက်လုပ်ရေးလုပ်ငန်းပိုင်ရှင် ဦးသန့်ဇင်+ဒေါ်မေဇင်ကို မိသားစုက ငွေကျပ် သိန်းတစ်သောင်းငါးထောင်အကုန်အကျခံကာ လှူဒါန်းခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်-၆)**

## ၃၃/၁၁ ကေဗွီ ချီပါဓာတ်အားခွဲရုံတွင် မူလတပ်ဆင်ထားသော 20 MVA Transformer အား ဝန်အားတိုးမြှင့်ဆောင်ရွက်

**မန္တလေး မေ ၁၅**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၌ ၃၃/၁၁ ကေဗွီ ချီပါဓာတ်အားခွဲရုံတွင် မူလတပ်ဆင်ထားရှိတော့ 20 MVA Transformer မှ ဝန်အားတိုးမြှင့်၍ နောက်ထပ် 10 MVA Transformer အသစ်တစ်လုံးဝန်အားတိုးမြှင့်ဆောင်ရွက်ခြင်းလုပ်ငန်းကို ယမန်နေ့ မွန်းလွဲ ၂ နာရီက ဆောင်ရွက်ခဲ့သည်။

အဆိုပါ (10+20)MVA Transformer ဝန်အားတိုးမြှင့်ဆောင်ရွက်ခဲ့သဖြင့် ချီပါဓာတ်အားခွဲရုံမှ ဓာတ်အားဖြန့်ဖြူးပေးထားသော တမ္ပဝတီရပ်ကွက်၊ ကျွန်းလုံးဉသျှောင်ရပ်ကွက်၊ သံလျက်မော်တောင်ရပ်ကွက်၊ ချမ်းမြသာစည်တောင်ရပ်ကွက်နေ ပြည်သူများအနေဖြင့် ယခင်ထက် လျှပ်စစ်ဓာတ်အားကို ပိုမိုပြည့်ဝစွာ သုံးစွဲနိုင်မည်ဖြစ်ကြောင်း သိရသည်။

**(အောက်ပုံ)**

**အလင်းသစ်**





## နှမ်းစိုက်ခင်းများ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှု တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေး

**ပွင့်ဖြူ မေ ၁၅**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ်အတွင်း နွေသီးနှံနှမ်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများအား ယမန်နေ့ နံနက်ပိုင်းက ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဉက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးလွင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး နှမ်းစိုက်ခင်းများ ပန်းတိုင်အထွက်နှုန်းရရှိရေး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းဘူးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဉက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးလွင်နှင့် ကော်မတီအဖွဲ့ဝင်များက ပွင့်ဖြူမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဉက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလင်းလင်းအောင်နှင့် ကော်မတီဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ကျေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ပွင့်ဖြူမြို့နယ်အတွင်း ၂၀၂၅-၂၀၂၆ ခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် မဲဇလီရေလွှဲဆည်ရေဖြင့် စိုက်ပျိုးထားသော ကံသာကြီးကျေးရွာ၊ ကွင်းအမှတ်(၉၅၀)၊ ဦးပိုင်အမှတ်(၁/၂)တွင် ပေါင်ကျယ်နှင့် မြောင်းစနစ်ဖြင့် စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းသော နွေနှမ်းစံပြကွက် စိုက်ခင်းအားကြည့်ရှုစစ်ဆေးကာ တစ်ဧကပန်းတိုင်အထွက်နှုန်း ရရှိရေးစနစ်ကျသော စိုက်ပျိုးရေး နည်းလမ်းများဖြင့် ကြိုးစားဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ်နွေသီးနှံစိုက်ပျိုးရာသီတွင် ဒေသတွင်း ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဆီစားသုံးမှုဖူလုံစေရန် ရည်ရွယ်၍ တစ်မြို့နယ်လုံး နွေနှမ်း ၃၃၇၃၇ ဧက လျာထားစိုက်ပျိုးခဲ့ရာ မြေပြင်စိုက်ပျိုးနိုင်မှု ၅၇၆၂၅ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပြီး သတ်မှတ်လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်းသိရပြီး လက်ရှိတွင် စိုက်ပျိုးထားရှိသော နွေနှမ်းစိုက်ခင်းများမှာ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ **(အပေါ်ခဲပုံ)** (၄၄၅)


### ယာဉ်မောင်းသူများ လိုက်နာရန်

- မြို့တွင်းတစ်နာရီ ၄၈(ကီလိုမီတာ)အတွင်း ယာဉ်များမောင်းနှင်ရန်နှင့် ဆိုင်ကယ်စီးနင်းကြရန်။
- အရက်သောက်လျှင် (လုံးဝ) ကားမမောင်းရ၊ ဆိုင်ကယ်မစီးရ။
- ဆိုင်ကယ်များ(ညာလမ်း)မှ စီးနင်းကြရန်။
- (မီးနီ၊ မီးဝါ)လုံးဝ ဖြတ်မမောင်းရ၊ မစီးရ။

**မန္တလေးတိုင်းဒေသကြီး**
**ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ**

# ရာဟုလာလို စိတ်ဓာတ်မျိုး

မဟာသင်္ကြန်အကြိုနေ့ဖြစ်၏။ ပြင်ဦးလွင်မြို့နယ် ဟိုလိမ့်နားကူးကျေးရွာ ရွာဦးကျောင်းအတွင်းသို့ ဟိုက်ဂျက် ကားလေးတစ်စီးမောင်းဝင်လာပြီး ကျောင်းရှေ့တွင်ရပ်လိုက်၏။ ကားပေါ်မှ ဦးကျော်ငြိမ်း၊ ဦးအေးပေါ်နှင့် ဆရာစိန်တို့ ဆင်းလာကြ၏။ ကျောင်းပေါ်တွင် အထုပ်အပိုးများချပြီး ဆရာတော်ဘုရားအား လှူဖွယ်ဝတ္ထုများ လှူဒါန်းကြ၏။ 'ဒကာကြီးတို့ သုံးယောက် ကျောင်းဝိုင်းအရှေ့ထိပ်က သိမ်ထဲမှာ နေရာယူကြ။ ဆွမ်းစားကျောင်းပေါ်မှာက ကိုရင်ကြီးတွေ ရှိနေတယ်။ သင်္ကြန်ပြီးမှ မန္တလေးပြန်ကြမှာ မဟုတ်လား။' 'ဟုတ်ပါတယ်ဘုရား၊ တပည့်တော်တို့ ဒီနှစ်သင်္ကြန်တွင်း ဒီကျောင်းတိုက်မှာပဲ ဥပုသ်သီတင်းသီလဆောက်တည်ရင်း နှစ်ဆန်း (၂)ရက်ရောက်မှ ပြန်ကြမှာပါဘုရား' ဟု ဆရာစိန်က ပြန်လည်လျှောက်ထားလိုက်၏။

ဟိုလိမ့်ကျောင်းဆရာတော် ဦးသုန္ဒရမှာ သဘောမနောကောင်းသည်။ သည်းခံသည်။ မေတ္တာဓာတ်ကြီးသည်။ မာန်မာနမရှိ။ ဒေါသမရှိ။ မြတ်စွာဘုရား၏ မှာကြားချက်ကို လိုက်နာသည်။ ဘုရားသားတော် ပီသသည်။ တရားဟောအလွန်ကောင်း၏။

မဟာသင်္ကြန်အကျနေ့တွင် ဟိုလိမ့်နားကူးရွာသူ၊ ရွာသားများ တစ်ရာ့ငါးဆယ်ကျော်ခန့် ဥပုသ်သီတင်း သီလဆောက်တည်ရန် ရွာဦးကျောင်းတော်သို့ ရောက်လာကြ၏။ ကုသိုလ်ရှင်များက ဖွယ်ဖွယ်ရာရာ ကျွေးမွေးဧည့်ခံကြ၏။ နံနက် ၉)နာရီတွင် ဆရာတော်ဘုရားက သီလပေးတရား စတင်ဟောကြား၏။ အထူးမှတ်သားရန် တရားတော်၏အမည်မှာ 'ရာဟုလာလို စိတ်ထားမျိုး' ဟု အမည်ပေးထားသည်။

ဆရာတော်သည် အဟောအပြောကောင်းသလောက် တဖက်သားကိုနားဝင်ချိုအောင်၊ မှတ်မိလွယ်အောင် ပြောတက်သည်။ ဥပုသ်သည် ပရိတ်သတ်အားလုံး ဆရာတော်၏ ဟောတရားတော်နောက်တွင် စီးမျော ခံစားလိုက်ပါသွားကြလေတော့၏။

ခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည် သားတော်မြတ်စွာဘုရားကို လွမ်းလွန်းလှ၍ ကပ္ပိလဝတ်ပြည်သို့ ကြွမြန်းစေရန် အမတ်ကိုးဦး၊ ဗိုလ်ခြေ ၉၀၀၀ တိုင်အောင် စေလွှတ်၍ ပင့်ခိုင်းသော်လည်း ဘုရားနှင့်တွေ့ပြီး ရဟန္တာဖြစ်၍ ပြန်မလာကြတော့ပေ။ နောက်ဆုံးတွင် ဗိုလ်ခြေ ၁၀၀၀ ဖြင့် ကာဠုဒါယီ အမတ်ကို စေလွှတ်ပင့်ခိုင်းရ၏။ ကာဠုဒါယီနှင့် ဗိုလ်ခြေ ၁၀၀၀ တို့ ရဟန္တာဖြစ်ပြီး ဂါထာ ၆၀ ဖြင့် ပင့်လျှောက်၏။ ဘုရားရှင်သည် ရဟန္တာ ၂၀၀၀၀ ခြံရံလျက် ကပ္ပိလဝတ်ပြည်သို့ ကြွခဲ့၏။ တပေါင်းလပြည့်နေ့မှ စတင်၍ တစ်ယူဇနာကို တစ်ရက်နှုန်းဖြင့် ရက်ပေါင်း(၆၀) ကြာ ယူဇနာ (၆၀)ကို မဟာသက္ကရာဇ် ၁၀၄ ခု၊ ကဆုန်လပြည့်နေ့တွင် ရောက်ရှိခဲ့၏။ ထိုခရီးတွင် ဖခင်သုဒ္ဓေါဒနမင်းကြီး တရားထူးနာရ၍ သောတာပန်ဖြစ်ပြီး ညီတော် နန္ဒမင်းသားကိုလည်း ရဟန်းဝတ်ရန် သိမ်းသွင်းနိုင်ခဲ့၏။ ကြွရောက်ပြီးနောက် ခုနစ်ရက်မြောက်တွင် မိခင်ဖြစ်သူ ယသော်ဓရာဒေဝီက သားတော်ရာဟုလာကို ဖခင်ထံအမွေတောင်းခိုင်းလိုက်သည်။ သားတော်ရာဟုလာ မင်းသားလေးလည်း ဘုရားရှင်ထံ အမွေတောင်းရင်းဖြင့် ကျောင်းတော်သို့ ရောက်ခဲ့၏။ 'သားတော်တောင်းသော လောကီရွှေငွေစည်းစိမ်ဆိုသည်မှာ ပျက်စီးတတ်သော အရာများဖြစ်သည်။ ငါဘုရားရရှိထားသော အရိယာအမွေ (တရားအမွေ)ကို ပေးခြင်းသည်သာ အမြတ်ဆုံး ဖြစ်သည်။ သာရိပုတ္တရာ ရာဟုလာကို သာသနာ့ဘောင်သို့ သွတ်သွင်းပြီး ကိုရင်ဝတ်ပေးလိုက်ကြပေတော့'

နိဂြောဓာရုံကျောင်းတွင် ဥပဇ္ဈာယ်ဆရာအဖြစ် အရှင်သာရိပုတ္တရာမှလည်းကောင်း၊ ကမ္မဝါဆရာအဖြစ် အရှင်မောဂ္ဂလန်ကလည်းကောင်း တာဝန်ယူ၍ သားတော်ရာဟုလာလေးအား ရှင်သာမဏေဘဝသို့ ရောက်ရှိရန် ကိုရင်ဝတ်ပေးလိုက်ကြ၏။ ခုနစ်နှစ်သား ရှင်ရာဟုလာအား ဘုရားရှင်ကိုယ်တော်မြတ်ကြီးက (ကိုယ်ကျင့်တရားနှင့် သစ္စာတရား) အမ္ဗလဋ္ဌိက ရာဟုလောဝါဒသုတ်ကို ဦးစွာဟောကြားခဲ့သည်။ အဓိက အချက်အနေဖြင့် မုသာဝါဒ(လိမ်ညာခြင်း)ကို ဟောကြားရာ၌ -

'ရှင်ရာဟုလာ -သိလျက်နှင့် လိမ်ညာပြောဆိုသော ရဟန်း၏ အရည်အချင်းသည် ဤသွန်ပစ်လိုက်သောရေကဲ့သို့ အသုံးမကျ၊ တန်ဖိုးမရှိ၊ မပြုလုပ်မီ၊ ပြုလုပ်ဆဲ၊ ပြုလုပ်ပြီးနောက်တွင် မိမိနှင့်သူတစ်ပါးကို ထိခိုက်မှု ရှိ၊ မရှိ အမြဲဆင်ခြင်ရမယ်ချစ်သား' ဟု ရေကိုသွန်ပြ၍ တရားဟောခဲ့၏။ ရှင်ရာဟုလာကိုရင်လေးသည် နေ့စဉ်လက်ဖြင့် သဲတစ်ဆုပ်ကိုယူလျက် ဤသဲပွင့်နှင့်အမျှ ဆုံးမသွန်သင်မည့်သူပေါ်ပါစေ' ဟု အဓိဋ္ဌာန်ပြုလေ့ရှိ၏။ ရာဟုလာ၏ စိတ်ဓာတ်သည် အလွန်မြင့်မြတ်၏။ အရှင်ရာဟုလာ ၁၈ နှစ်သားအရွယ်တွင် မဟာရာဟုလောဝါဒသုတ် (ကမ္မဋ္ဌာန်းနှင့် စိတ်တည်ငြိမ်မှုသမာဓိ) တရားကို ဟောကြားခဲ့၏။

'ရှင်ရာဟုလာ ရုပ်ကို ရုပ်လို့ရှုကွ၊ ဝေဒနာကို ဝေဒနာလို့ရှု၊ သညာကို သညာလို့ရှု၊ သင်္ခါရကို သင်္ခါရလို့ရှု၊ ဝိညာဉ်ကို ဝိညာဉ်လို့ရှုကွ၊ သူ့သဘောအတိုင်းဖြစ်ပြီး သူ့သဘောအတိုင်းပျက်သွားနေကြတာကို မင်းတွေ့လိမ့်မယ်' ဆရာဖြစ်သူ ရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီးကလည်း ကိုရင်လေးရာဟုလာအား အာနာပါန ကမ္မဋ္ဌာန်းဟောကြားပြသရင်းဖြင့် 'ကိုရင်လေး အသက်ရှူတဲ့လေကလေးဟာ နှာသီးဖျားနဲ့ထိတာကို သိသိခြင်းပဲ ဝင်လေလေးလို့သိ၊ ထွက်လေကလေးကိုလည်း ဒီအတိုင်းပဲ ထွက်လေလေးလို့သိ၊ သမာဓိတွေအားကောင်းလာလိမ့်မယ်။ သမာဓိတွေအားကောင်းလာရင် လောဘသေတယ်၊ ဒေါသသေတယ်၊ မောဟသေတယ်ကွ သတိ၊ ဝီရိယ၊ ဉာဏ်တွေနဲ့ ကြိုးစားပြီး ရှုပေတော့ကွာ'

ရှင်ရာဟုလာလေးအသက် (၂၀) အရွယ်ရောက်လာသည်။ ရဟန်းဖြစ်ပြီးနောက် တရားထူးရရန် ရင့်ကျက်လာချိန်တွင် စူဠရာဟုလောဝါဒသုတ်(ရဟန္တာဖြစ်စေသောတရား)များကို ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဟောကြားလေ၏။ ရှေးဦးစွာ ကျင့်ထားရမည့် အကျင့်နှင့် သိထားရမည့် တရားတို့ကို ဟောကြား၏။

'ချစ်သားရာဟုလာ တရားကျင့်မယ့်ပုဂ္ဂိုလ်ဟာ ဦးစွာသိထားကျင့်ထားရမယ့် အချက်တွေရှိတယ်၊ အဲဒီ အချက် ငါးချက်က မီးလိုကျင့်ရမယ်၊ ရေလိုကျင့်ရမယ်၊ မြေလိုကျင့်ရမယ်၊ လေလိုကျင့်ရမယ်၊ ကောင်းကင်လို ကျင့်ရမယ်။ မီးဟာ မကောင်းတဲ့အရာတွေကိုလည်း လောင်ရသလို၊ ကောင်းတဲ့အရာတွေကိုလည်း လောင်ရတယ်။ တုန်လှုပ်မှုမရှိဘူး။ အာရုံအမျိုးမျိုးကိုလည်း သတိဆိုတဲ့ မီးနဲ့ရှို့ပစ်ရတယ်။ ရေဟာလည်း မကောင်းတာလည်းဆေး၊ ကောင်းတာလည်းဆေးတာပဲ၊ မတုန်လှုပ်ဘူးပေါ့။ မြေပေါ်မှာလည်း မကောင်းတာလည်းစွန့်၊ ကောင်းတာလည်းစွန့်တာပဲ၊ သည်းခံတယ်၊ မတုန်လှုပ်ဘူး။ လေဟာလည်း မကောင်းတာကိုရော ကောင်းတာကိုရော တိုက်ရတာပဲ မတုန်လှုပ်ဘူးပေါ့။ ကောင်းကင်ကြီးကတော့ မြေကြီးနဲ့မထိသလို ရေပြင်ကြီးနဲ့လည်း မထိဘူး၊ အဲသလိုပဲ အာရုံကပ်ငြိမှုတဏှာကိုလည်း ဘယ်သောအခါမှ မကပ်ငြိစေနဲ့၊ မထိစေနဲ့။

မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးသည် အရှင်ရာဟုလာလေးအား ပဏ္ဏမ ငါးခုဟောပြီးသောအခါ ဒုတိယ ခြောက်ခုကို ထပ်မံဟောကြားပေး၏။ 'ချစ်သားရာဟုလာ သူတစ်ပါးချမ်းသာတာကို လိုလားတဲ့စိတ်၊ ဒေါသဗျာပါဒ ကင်းတဲ့စိတ်ဖြစ်တဲ့ မေတ္တာတရားကို အမြဲလက်ကိုင်ထားပါ။ ချစ်သားရာဟုလာ သူတစ်ပါးဆင်းရဲတာကို သနားတဲ့စိတ်ကယ်တင်ချင်တဲ့စိတ်ဖြစ်တဲ့ ကရုဏာတရားကို အမြဲလက်ကိုင်ထားပါ။ ချစ်သားရာဟုလာ - သူတစ်ပါးချမ်းသာတာကို ဝမ်းသာတဲ့စိတ်၊ မနာလိုဝန်တိုမှု မဖြစ်တဲ့စိတ် ဖြစ်တဲ့ မုဒိတာတရားကို အမြဲလက်ကိုင်ထားပါ။ ချစ်သားရာဟုလာ - အရာအားလုံးအပေါ်မှာ ဝမ်းနည်းဝမ်းသာ မဖြစ်တဲ့စိတ်၊အရာအားလုံးရဲ့ သဘာဝတရားအတိုင်း ညီညွတ်မျှတတဲ့စိတ်ဖြစ်တဲ့ ဥပေက္ခာတရားကို အမြဲလက်ကိုင်ထားပါ။ ချစ်သားရာဟုလာ-ဒီမနှစ်သက်စရာခန္ဓာကြီး၊ ဆံပင်၊ အမွေး၊ ခြေသည်းလက်သည်း၊ သွား၊ အရေထူ အရေပါး စတဲ့ ၃၂ ကောဋ္ဌာသအပုပ်ကောင်ကြီး၊ ဒွါရကိုးဝက အပုပ်ရည်တွေယိုစီးကျနေတဲ့ ရောဂါတုံးကြီးလို့ ဒီခန္ဓာရုပ်ကြီးကို အသုဘတရား အမြဲရှုပွားနေပါ။ ချစ်သားရာဟုလာ-ငါဆိုတဲ့ အတ္တဒိဋ္ဌိတွေကွာဖို့ မာန်မာနတွေကွာဖို့ အရာအားလုံးရဲ့ ဖြစ်ပြီးပျက်နေတဲ့ မမြဲတဲ့အနိစ္စတရားကို အမြဲရှုပွားနေပါ'

ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည် အရှင်ရာဟုလာလေးအား တရားမကျင့်မီ ဦးစွာရှိထား၊ သိထားအပ်သောတရားများဖြစ်သည့် လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာန၊ ဣဿာ၊ မစ္ဆရိယ၊ အတ္တဒိဋ္ဌိ တရားများ၊ ရုပ်တရား၊ နာမ်တရားများ၊ ခန္ဓာငါးပါး၊ ဓာတ်ကြီးလေးပါး၊ အာယတန ၁၂ ပါး၊ ဓါတ် ၁၈ ပါး၊ သစ္စာလေးပါး၊ မဂ္ဂင်ရှစ်ပါး၊ ပဋိစ္စသမုပ္ပါဒ်တရားများကို ဟောကြားပေး၏။

တစ်ခုသောနေ့တွင် ဇေတဝန်ကျောင်းတော်နှင့် မနီးမဝေးတောအုပ်တစ်ခုဖြစ်သော အန္ဓဝန်တောအုပ်သို့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးနှင့် အရှင်ရာဟုလာ ကိုယ်တော်လေးတို့ တိတ်တဆိတ်ကြွခဲ့ကြ၏။ ပခုံးပေါ်တွင် နိသီဒနာ ခေါ်သော နိသိဒိုင် ထိုင်စရာအခင်းကလေးများကို ကိုယ်စီယူဆောင်၍ ကြွမြန်းခဲ့ကြ၏။ သင့်မြတ်သောနေရာတွင် နိသိဒိုင်လေးများကို ခင်း၍ထိုင်လိုက်ကြ၏။ 'ချစ်သားရာဟုလာ-သဒ္ဓါစွမ်းအားရှိသူများမှသာ တရားမဂ်ဖိုလ်ရလိမ့်မယ်ကွယ့်။ ထို့အတူပဲ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာတို့ရဲ့ စွမ်းအားရှိသူများမှသာ တရားမဂ်ဖိုလ် ရလိမ့်မယ်ပေါ့။ ဒါ့ကြောင့်သဒ္ဓါရှိတဲ့သူနဲ့သာ ပေါင်းသင်းပါ။ သဒ္ဓါတရားမရှိတဲ့သူနဲ့ မပေါင်းပါနဲ့။ သဒ္ဓါစွမ်းအား တရားတွေကို နာကြားရမယ်။ အဲသလိုပဲ ကျန်တဲ့တရား လေးပါးကိုလည်း ဒီအတိုင်းပဲပေါ့။ အရှင်ရာဟုလာ - ဒီတရားတွေပြည့်စုံပြီးရင် ထပ်ပြီးကျင့်ရမယ့် တရားတွေကို ဟောပြမယ်'

'မှန်လှပါ အရှင်ဘုရား'

'ချစ်သားရာဟုလာ - မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်စိတ်ဆိုတဲ့ အတွင်းအာယတန ခြောက်ပါးကို ဦးစွာပထမ မှတ်ထားလိုက်နော်'

'မှန်လှပါ အရှင်ဘုရား'

'မျက်စိဆိုတဲ့ ပသာဒရုပ်ရယ်အဆင်းဆိုတဲ့ ရူပါရုံရုပ်ရယ်တွေ့တော့ မြင်သိစိတ်ဆိုတဲ့ ဝိညာဉ်လေးပေါ်လာတယ်။ စက္ခုသံဖဿဆိုတဲ့ တွေ့ထိမှုနဲ့ ခံစားမှုဝေဒနာတို့ဖြစ်လာမယ်။ အဲဒီတရားအားလုံး အနိစ္စ - မမြဲပုံ၊ ဒုက္ခဆင်းရဲပုံ၊ အနတ္တ-အစိုးမရပုံတို့ကို မြင်အောင်ရှုလော့ချစ်သား'

'မှန်လှပါ အရှင်ဘုရား'

'အဲဒီဝေဒနာ နေရာမှာ သညာ၊ သင်္ခါရ၊ ဝိညာဏတို့ကို တစ်လှည့်စီ အစားထိုးပြီး ရှုကြည့်လိုက်တော့လည်း ဝေဒနာအတိုင်းပဲ မဟုတ်လား'

'အနိစ္စ၊ ဒုက္ခ၊ အနတ္တ တွေချည်းပါပဲဘုရား'

'အေးဟုတ်ပြီ-အဲဒီမျက်စိနေရာမှာလည်း နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်တို့ကို အစားထိုးပြီး ရှုကြည့်လိုက်ဦး ချစ်သား'

'မှန်လှပါ အနိစ္စ၊ ဒုက္ခ၊ အနတ္တ တွေချည်းပါပဲဘုရား'

'ချစ်သားရာဟုလာ - အဲဒီ ဓာတ် ၁၈ ပါးရယ်၊ ဖဿ ခြောက်ခုရယ်၊ ဝေဒနာ ခြောက်ခုရယ်၊ သညာ ခြောက်ခုရယ်၊ သင်္ခါရ ခြောက်ခုရယ်၊ ဝိညာဏ ခြောက်ခုတို့ကို အစဉ်တိုင်းရှုကြည့်ရအောင်'

'မှန်လှပါဘုရား'

'မျက်စိဟာ မြဲသလား၊ မမြဲဘူးလား'

'မမြဲပါဘုရား'

'မျက်စိဟာ ချမ်းသာသလား၊ ဆင်းရဲသလား'

'ဆင်းရဲပါတယ်ဘုရား'

'မျက်စိကို အစိုးရသလား မရဘူးလား'

'အစိုးမရပါဘုရား'

'ဒါဆိုရင် အဲဒီမျက်စိကို တဏှာလို့ခေါ်တဲ့ ငါ့ဥစ္စာလို့ မင်းပြောသင့်သလား'

'မပြောသင့်ပါဘုရား'

'အဲဒီမျက်စိကို (မာန)လို့ခေါ်တဲ့ ငါရောဟုတ်ရဲ့လား'

'ငါမဟုတ်ပါဘုရား'

'မျက်စိဟာ (ဒိဋ္ဌိ)လို့ခေါ်တဲ့ ငါ့အတ္တ၊ ငါ့လိပ်ပြာရော ဟုတ်ရဲ့လား'

'ငါ့အတ္တ၊ ငါ့လိပ်ပြာ မဟုတ်ပါဘုရား'

မီးအများ ထိမ်ထိမ်ပြောင် မြင်ဆဲခိုက်မှာလောင်
မီးငြိမ်းအောင် ဘယ်လိုပြု မြင်ဆဲခိုက်မှာ ရှု

ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည် မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်တို့ကို တစ်ခုပြီးတစ်ခု အမေးအဖြေဖြင့် ဟောကြားသွား၏။အရှင်ရာဟုလာသည် ထိုတရားအဆုံးတွင် အာသဝေါကုန်ခန်း၍ ရဟန္တာဖြစ်တော်မူခဲ့၏။ လာရောက် တရားနာကြသော၊ ထောင်ပေါင်းများစွာသော နတ်ဗြဟ္မာများ တရားထူး တရားမြတ်ရရှိခဲ့ကြလေ၏။

သင်္ကြန်ပြီး၍ နှစ်ဆန်းတစ်ရက်သို့ပင်ရောက်ရှိခဲ့သည်။ ဆရာတော်ဘုရားကြီးဟောကြားသော 'ရာဟုလာလို စိတ်ဓါတ်မျိုး' တရားတော်ကြီးမှာလည်း နိဂုံးကမ္ပတ်အဆုံးသတ်ခဲ့လေပြီတည်း။

မြန္မာညဏ်ဝေ



## ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ အသစ်ပြန်လည်ရွေးချယ်နိုင်ရေး သင်တန်းဖွင့်လှစ်ပို့ချ

**မကွေး မေ ၁၅**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ မကွေးမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ ပြန်လည်ရွေးချယ်ရာတွင် တာဝန်ယူဆောင်ရွက်မည့် ကြီးကြပ်ရေးအဖွဲ့ဝင် ငါးဦးအား ရပ်ကွက်(သို့မဟုတ်)ကျေးရွာအုပ်စုအုပ်ချုပ်ရေး ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် စပ်လျဉ်း၍ သင်တန်းဖွင့်လှစ်ပို့ချခြင်း အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၁ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မကွေးမြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးသိန်းထွန်းက ရပ်ကွက်(သို့မဟုတ်)ကျေးရွာအုပ်စုအုပ်ချုပ်ရေး ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် စပ်လျဉ်း၍ သင်တန်းဖွင့်လှစ်ပို့ချရခြင်းနှင့် ပတ်သက်၍ အမှာစကားပြောကြားပြီး မကွေးမြို့နယ် ဥပဒေအရာရှိ ဦးအောင်မြတ်သူက ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ရွေးချယ်ခြင်းလုပ်ငန်းစဉ်များ၊ ရပ်/ကျေးရွာ အုပ်စုအုပ်ချုပ်ရေး ဥပဒေ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျေးရွာတာဝန်ခံ၊ ရာအိမ်မှူး၊ဆယ်အိမ်မှူးတို့တွင် ပြည့်စုံရမည့်အချက်များ၊ ကြီးကြပ်ရေးအဖွဲ့ လုပ်ဆောင်ရမည့်အချက်များနှင့် လုပ်ငန်းတာဝန်များ၊ လိုက်နာရန် စည်းကမ်းချက်များနှင့် အုပ်ချုပ်ရေးမှူးရွေးချယ်ခြင်း လုပ်ငန်းစဉ်များကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသော ရပ်ကွက်၊ ကျေးရွာကြီးကြပ်ရေးအဖွဲ့များမှ သိရှိလိုသည်များကိုမေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ပြီး အဆိုပါ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေး ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်စပ်လျဉ်း၍ သင်တန်းဖွင့်ပွဲသို့ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက် ၁၅ ရပ်ကွက်၊ ကျေးရွာအုပ်စု ၆၁ အုပ်စုမှကြီးကြပ်ရေးအဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးမှူးများနှင့် ရပ်၊ ကျေးစာရေးများ၊ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ဓါတ်ပုံ)

မောင်နိုင်မင်း(ပြန်/ဆက်)

*-*-*-*-*-*

## ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဆင့်ပွား သင်တန်းဆွေးနွေးပွဲ ကျင်းပ

**မိုင်းရှူး မေ ၁၅**

ရှမ်းပြည်နယ်တောင်ပိုင်း၊ မိုင်းရှူးခရိုင်၊ မိုင်းရှူးမြို့နယ်တွင် KGနှင့် Grade-1 သင်ပြနည်းစနစ်နှင့် မူကြိုသင်ပြနည်းစနစ် ချိတ်ဆက်ဆောင်ရွက်နိုင်ရေးအတွက် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဆင့်ပွားသင်တန်းဆွေးနွေးပွဲကို ယမန်နေ့ နံနက် ၉ နာရီက အခြေခံပညာအထက်တန်းကျောင်း ခရေဆောင်ခန်းမတွင် ကျင်းပသည်။

အဆိုပါ ဆင့်ပွားဆွေးနွေးပွဲကို မိုင်းရှူးမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်း ၇၂ကျောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း သုံးကျောင်းနှင့် ကိုယ်ပိုင်ကျောင်း တစ်ကျောင်းတို့မှ မူလတန်းကျောင်းအုပ်ကြီးများနှင့် မူလတန်းအဆင့် သင်ဆရာ၊ ဆရာမ စုစုပေါင်း ၉၉ ဦး တက်ရောက်လျက်ရှိပြီး မြို့နယ်ပညာရေးမှူး ဒေါ်သက်ချို၏ ကြီးကြပ်မှုနှင့်အတူ သင်တန်းနည်းပြ သုံးဦးက မေ ၁၄ ရက်မှ ၂၄ ရက်အထိ ၁၀ ရက် ဆွေးနွေးပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

*-*-*-*-*-*

## အခွန်ဆိုင်ရာသိကောင်းစရာ ဟောပြောပွဲကျင်းပ

**မန္တလေး မေ ၁၅**

